မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလဆန်း ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၁၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၉၇)

ရေအားလျှပ်စစ်စီမံကိန်းများ ဖြန့်ကြက်တည်ဆောက်နေ

ကချင်ပြည်နယ် ဧရာဝတီမြစ်ကျဉ်း ရေအားလျှပ်စစ် စီမံကိန်း၊ စစ်ကိုင်းတိုင်း မော်လိုက်နှင့်မဏိပူရေအားလျှပ်စစ် စီမံကိန်းများ၊ ရှမ်းပြည်နယ် ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်း၊ ကျိုင်းတုံမြို့အနီးရှိ နမ့်လွေရေအားလျှပ်စစ်စီမံကိန်း၊ တနင်္သာရီတိုင်း မေယွန်ရေအားလျှပ်စစ် စီမံကိန်းစသည် တို့ကို တစ်နိုင်ငံလုံး၌ ဖြန့်ကြက်တည်ဆောက်ပေးနေ။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၅ခုနှစ် အာရှ–အာဖရိကထိပ်သီးညီလာခံနှင့် အာရှ–အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်မည်

ရန်ကုန် ဧပြီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၀၅ခုနှစ် အာရှ–အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ–အာဖရိကကွန်ဖရင့် အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရခိုင်ပြည်နယ် သံတွဲမြို့ အဏ္ဏဝါရိပ်သာခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က နိုင်ငံတစ်ဝန်းလုံးတွင် လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဘက်စုံကဏ္ဍစုံကြိုးစားလုပ်ဆောင်ခဲ့ ရခိုင်ပြည်နယ်တစ်ခုလုံး လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းများအဆင့်လိုက်အကောင်အထည်ဖော် သူငွေချောင်းရေအားလျှပ်စစ်၊ အမ်းချောင်းရေအားလျှပ်စစ်နှင့်ကျိန်တလီရေအားလျှပ်စစ်စီမံကိန်းများ ပြည်နယ်၏တောင်ပိုင်းမြို့နယ်များသို့ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဧပြီ ၁၇

ရခိုင်ပြည်နယ် သံတွဲမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရခိုင်ပြည်နယ် သံတွဲဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်း၍ ဧပြီ ၁၆ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရခိုင်ပြည်နယ် သံတွဲမြို့ အဏ္ဏဝါရိပ်သာခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်ဖွံ့ဖြိုးပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

ပြည်ထောင်စုကြီးတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီညီကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်း ပြည်နယ်နှင့်တိုင်းအားလုံး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီညီ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဒေသအသီးသီး၌အောင်မြင်မှုအသီးအပွင့်များဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရပေသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ နယ်မြေဒေသအားလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုစီမံကိန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတို့ကို ပေါင်းစည်းပြီး လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် နယ်ပယ်ကဏ္ဍစုံ တိုးတက်ဖွံ့ဖြိုးစေရန် တည်ဆောက်ဖြည့်ဆည်းပေးလျက် ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း ဧပြီလ၁၅ရက်နေ့က ရခိုင်ပြည်နယ် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမသို့ သွားရောက်၍ စစ်တွေတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်မိသားစုများအား တွေ့ဆုံ၍ လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ပေးနိုင်သည့် အဓိကအင်အားသုံးရပ် ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ပင်ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ဆောက်ရေးတွင် ယင်းအင်အားသုံးရပ် တညီတညွတ်တည်း စုစည်းအားထုတ်ပါမှ မည်သည့် အခက်အခဲကိုမဆို ကျော်လွှား လွန်မြောက်နိုင်ပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ကြောင်း"

လမ်းညွှန်မှာကြားသွားသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်စည်းစည်းလုံးလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အင်အားတောင့်တင်းသည့် ခေတ်မီတပ်မတော် တည်ဆောက်ရေးတို့သည် တစ်ခုနှင့်တစ်ခု ကျွန်းကိုင်းမှီကိုင်းကျွန်းမှီ ဆက်စပ်အထောက်အကူပြုလျက် ရှိသည်။

နိုင်ငံတော်ကို ကာကွယ်နိုင်သည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ကို တည်ဆောက်နိုင်မှသာ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် နိုင်မည်ဖြစ်သည်။ တပ်မတော်သည် ပြည်သူကြားက ပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်ဖြစ်သည်နှင့်အညီ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် တပ်တည်ဆောက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတို့တွင် အင်တိုက်အားတိုက်ပါဝင်လျက် ရှိသည်။

နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် တပ်မတော်နှင့်ပြည်သူ ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းပြီး နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်အောင် ဥစ္စာရင်လို ဥစ္စာရင်ခဲ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်မှု အတိုင်းအတာပေါ် မူတည်၍ ဒေသဖွံ့ဖြိုးတိုးတက်မှုသည်လည်း ပိုမိုဖြစ်ထွန်းလာမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အဖိုးတန်ရေ၊ မြေ၊ သစ်တော၊ သယံဇာတများ ပေါများကြွယ်ဝစွာ ရှိထားပြီးဖြစ်ရာ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ ကြံစည်အားထုတ်မှု၊ ကြိုးပမ်း ဆောင်ရွက်မှုများနှင့် ပေါင်းစပ်၍ လုပ်ကိုင်ကြပါက အလားအလာကောင်းများမှသည် အကျိုးရလဒ်ကောင်းများ ပေါ်ထွန်းလာမည် ဖြစ်သည်။

ပြည်ထောင်စုကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများ ဖန်တီးပေးထားပြီး ဖြစ်၍ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ကြိုးစားလုပ်ဆောင်ကြပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် တပ်မတော်နှင့် ပြည်သူ အားထုတ်လုပ်ကိုင်နိုင်မှု စွမ်းအားတို့ ပေါင်းစည်း၍ ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကရင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာ အရောင်းဆိုင်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၇

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၁ ရက် နံနက်ပိုင်းက ဘားအံမြို့၌ကျင်းပသည့် ကရင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန၏ လယ်ယာသုံးစက်ကိရိယာအရောင်းဆိုင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းက လယ်ယာသုံးစက်ကိရိယာ အရောင်းဆိုင် ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများအားဆိုင်ဖွင့်ပွဲ အထိမ်းအမှတ် အလံများကိုပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ပြည်နယ်ဦးစီးမှူး ဦးသန်းထွန်းတို့က လယ်ယာသုံး စက်ကိရိယာ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဆိုင်ခန်းအတွင်း ရောင်းချရန် ခင်းကျင်းပြသထားသည့် လယ်ယာ(၁၆)လက်တွန်းလယ်ထွန်စက်၊ လယ်ယာကျွဲ လက်တွန်းလယ်ထွန်စက်နှင့်စပါးရိတ်စက်များကိုလှည့်လည် ကြည့်ရှုစစ်ဆေး၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ဧပြီ ၁၂ ရက် နံနက်ပိုင်းတွင် ဗိုလ်မှူးကြီး ခင်ကြူးသည် ကော့ဘိန်းကျေးရွာသို့ ရောက်ရှိပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဖောက်လုပ်ခဲ့သည့် ကော့ဘိန်း–ကမ်းနီလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ ကော့ကရိတ်မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဝင်းက ကော့ကရိတ် မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက် အင်ဂျင်နီယာဦးကျန်ထွေးက ကော့ဘိန်း–ကမ်းနီလမ်း ဖောက်လုပ်ခဲ့မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက လမ်းသစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဗိုလ်မှူးကြီးခင်ကြူးသည် ကော့ဘိန်း–ကမ်းနီလမ်း၊ ကော့ဘိန်း–ညောင်ရိပ်သာ လမ်းတစ်လျှောက် လမ်းနှင့်တံတားများ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ကော့ခိုက်ကျေးရွာသို့ ရောက်ရှိပြီး ခရင်းချောင်းကူးတံတား တည်ဆောက်မှုအခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

အဆိုပါ ကော့ဘိန်း–ကမ်းနီလမ်းမှာ အရှည် ၁၆မိုင် ၄ဖာလုံရှိပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ် ၈၈သိန်း အပါအဝင် စုစုပေါင်းငွေကျပ် ၃၆၅သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

မတ် ၂၆ရက်က သဃ်န်းကျွန်း မြို့နယ် အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်း၌ ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရာ စတုတ္ထတန်းမှ ပထမဆုရ မောင်သိန်းထိုက်ဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်း ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

လှူဒါန်း

ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်တွင်ရွှေစင်ပြား ကပ်လှူပူဇော်ရန် အလှူငွေကျပ် တစ်သိန်းကို အမှတ် ၂၁/၅ သီရိမင်္ဂလာ ရိပ်သာ ကမ္ဘာအေးလမ်း ရန်ကင်းမြို့နယ်နေ အလှူရှင် ဒေါ်ဟန်စိုးက ကွယ်လွန်သူ ဖခင်ဦးကြင်ဦးအား ရည်စူး၍ အဝေးရောက် ဂေါပက အကျိုးဆောင် ဦးဆန်းထံ မတ် ၁၅ရက်က လှူဒါန်းခဲ့စဉ်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၁၈–၄–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Critera for Estimators. (ဒုတိယနှစ်–စီးပွားရေး)
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း"** (အပိုင်း–၇)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မေးမြန်းစူးစမ်း
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (အပိုင်း–၁၄)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမိသားစုများ အန္တရာယ်ကင်းပရိတ်တရားတော်များနာယူ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး တက်ရောက်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဧပြီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မိသားစုများ၏ မြန်မာသက္ကရာဇ် ၁၃၆၇ခုနှစ် တန်ခူးလဆန်း၉ရက် (၂၀၀၅ခုနှစ် ဧပြီ၁၇ရက်) မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်းအခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီးဒေါ်ကြည်ကြည်ဝင်းတို့ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရန်ကုန်မြို့ ဒဂုံပရိယတ္တိစာသင်တိုက် စာချဆရာတော် ဘဒ္ဒန္တမာမက အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်မြမြ၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဗိုလ်မှူးရဲတင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့ ဒဂုံပရိယတ္တိစာသင်တိုက် စာချဆရာတော် ဘဒ္ဒန္တမာမကထံမှ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် တာဝန်ရှိသူများက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ **(အပေါ်ပုံ)**

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော် သံဃာတော်များထံမှ အနုမောဒနာတရားနာယူကြပြီး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက စာချဆရာတော် ဘဒ္ဒန္တမာမကအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက မြန်မာနှစ်သစ်မင်္ဂလာအတွက် မင်္ဂလသုတ်ပရိတ်တော်နှင့် အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ် ဝန်ထမ်းမိသားစုများ ၁၃၆၇ ခုနှစ် နှစ်သစ်မင်္ဂလာဆွမ်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ် ဝန်ထမ်းမိသားစုများ၏ ၁၃၆၇ ခုနှစ် နှစ်သစ်မင်္ဂလာဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နှစ်သစ်မင်္ဂလာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ နိုင်ငံတော်ဩဝါဒါစရိယ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘဏ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းအေး၊ အကြံပေးပုဂ္ဂိုလ် ဦးတင်ခ၊ ညွှန်ကြားရေးမှူး(စီမံ)ဦးစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ)ဦးမြလှိုင်နှင့် မန်နေဂျာများ၊ ဌာနခွဲမှူးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဩဝါဒါစရိယ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘဏထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မင်္ဂလသုတ်၊ မေတ္တသုတ်ပရိတ်တော်များနှင့် အန္တရာယ်ကင်း ကမ္မဝါတို့ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ရေစက်သွန်းချ အမျှပေးဝေ

ထို့နောက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သောဘဏက အနုမောဒနာတရား ဟောကြားတော်မူပြီး ပရိသတ်များက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ အကြံပေး ပုဂ္ဂိုလ် ဦးတင်ခနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ဆရာတော်သံဃာတော်များအား သင့်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

နေ့ဆွမ်းဆက်ကပ်

ယနေ့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာ အခါသမယတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်များ၌လည်း နှစ်သစ်မင်္ဂလာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပ၍ သံဃာတော်များထံမှ ပရိတ်တရားတော်များနှင့် အန္တရာယ်ကင်းကမ္မဝါရွတ်ဖတ် သရဇ္ဈာယ်ခြင်းများကို နာယူကြပြီး သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ နှစ်သစ်မင်္ဂလာဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် အန္တရာယ်ကင်းကမ္မဝါစာ ရွတ်ဖတ်နာယူခြင်းများကို မန္တလေး၊ မကွေး၊ ကလေး၊ စစ်တွေ၊ တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံနှင့် မြစ်ကြီးနားမြို့များရှိ ကိုယ်ပွား သတင်းစာတိုက်များ၌လည်း ယနေ့ နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် အသီးသီးကျင်းပကြသည်။ **(သတင်းစဉ်)**

သာယာမည်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

တိပိဋကဓရ ဓမ္မပူဇာသဘင်နှင့် အထူးတရားပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိမင်္ဂလာလမ်း အောင်ချမ်းသာရပ်ကွက် ကံမြင့်ကျောင်းတိုက်ဓမ္မာရုံ၌ ဧပြီ၂၀ရက် နံနက် ၅နာရီခွဲတွင် တိပိဋကဓရ ဓမ္မပူဇာသဘင်နှင့် ပူဇော်ပွဲကျင်းပပြီး အထူးတရားပွဲအဖြစ် ဧပြီ ၁၈ နှင့် ၂၂ ရက်တို့တွင် ရွှေရတု တိပိဋက ဆရာတော်များကလည်းကောင်း၊ ဧပြီ ၁၉၊ ၂၀ နှင့်၂၁ရက်တို့တွင် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များက လည်းကောင်း၊ ဧပြီ ၂၃ရက်တွင် ရေစကြိုဆရာတော်များက လည်းကောင်း၊ဧပြီ ၂၄ နှင့်၂၅ရက်တို့တွင် တိပိဋကဓရ ဆရာတော်များက လည်းကောင်း တရားတော်များဟောကြားမည်ဖြစ်ရာ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၄-၂၀၀၅
(တနင်္လာနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ရွှေလီတံတား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Grammar made Easy
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading (Lesson-25)
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇း၁၅ ၆။ အကပဒေသာ
၁၇း၃၀ ၇။ မြန်မာစာ မြန်မာစကား
၁၇း၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၁၇း၅၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈း၀၅ ၁၀။ Discovery
၁၈း၁၀ ၁၁။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"**(အပိုင်း-၈၅)
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ တေးဂီတအစီအစဉ်
၁၉း၂၀ ၁၅။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၁၉း၃၅ ၁၆။ တေးဂီတအစီအစဉ်
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမာန်ဆောင်း၏ ချစ်သံစဉ်"** (အပိုင်း-၉)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ အရေးကိစ္စများ တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံတို့ ပိုမိုပူးပေါင်းဆောင်ရွက်ကြမည်

ပေကျင်း ဧပြီ ၁၅

အာရှအိမ်နီးချင်း နိုင်ငံကြီးနှစ်နိုင်ငံဖြစ်သော တရုတ်နှင့်အိန္ဒိယနိုင်ငံတို့က ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာအရေးကိစ္စများတွင် ပိုမိုနီးကပ်စွာနှင့် ကျယ်ကျယ်ပြန့်ပြန့်နားလည်သဘောပေါက်ကာ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆန္ဒရှိကြောင်း ပူးတွဲထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံသည် အာရှနှင့်ကမ္ဘာတွင် အပြန်အလှန်နားလည်မှု၊ ယုံကြည်ကိုးစားမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုကို ထူထောင်ရန်၊ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် နိုင်ငံပေါင်းစုံညှိနှိုင်းဆောင်ရွက်မှု ယန္တရားခိုင်မာရေးကြိုးပမ်းမှုများ လွယ်ကူအဆင်ပြေစေရန် ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူကြကြောင်း၊ အလည်ရောက်နေသော တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်နှင့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့ တနင်္လာနေ့က လက်မှတ်ရေးထိုးကြသည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အာရှနှင့်ကမ္ဘာတွင် ငြိမ်းချမ်းရေး၊တည်ငြိမ်မှုနှင့် ကြီးပွားတိုးတက်မှုကို ထိန်းသိမ်းမှုတွင် နှစ်နိုင်ငံစလုံးက တူမျှစွာ စိတ်ဝင်စားမှုရှိကြပြီး ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာတို့၌ နားလည်သဘောပေါက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုဖွံ့ဖြိုး တိုးတက်စေရန် တူမျှစွာဆန္ဒရှိကြကြောင်းလည်း ကြေညာချက်၌ ဖော်ပြပါရှိသည်။ အဆိုပါကြေညာချက်တွင် နိုင်ငံတကာဆက်ဆံရေးများနှင့် ဘက်ပေါင်းစုံ စနစ်၏ ဒီမိုကရေစီကျမှုကို နှစ်နိုင်ငံစလုံးက ထောက်ခံကြောင်းလည်းဖော်ပြထားသည်။ ထို့ပြင် နှစ်နိုင်ငံစလုံးက ကမ္ဘာ့ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုတွင် ကုလသမဂ္ဂ၏ အရေးပါမှုကိုလည်း ထပ်လောင်းဖော်ပြပြောဆိုခဲ့ကြပြီး ကမ္ဘာ့အရေးကိစ္စများကို ဖြေရှင်းရန်အတွက် ဘက်ပေါင်းစုံ အခြေခံဖွံ့ဖြိုးတိုးတက်စေရန် ကုလသမဂ္ဂစနစ်အား နိုင်ငံတကာအသိုင်းအဝိုင်းနှင့်အတူ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန်ဆုံးဖြတ်ထားကြောင်းလည်း ထုတ်ဖော် ပြောဆိုခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ကျွမ်ချန်မြို့တွင် ကျင်းပသည့် တရုတ်နိုင်ငံတကာ ဆံပင်ရှည်အလှပြိုင်ပွဲတွင် ပထမဆုရရှိသွားသည့် ဖန်ဝမ်(ဝဲ)အား သူမ၏ ၂၁သမ၅မီတာရှည်သောဆံပင်နှင့်အတူ ဧပြီ ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခတ္တမန္ဒူမြို့လူဦးရေနှစ်သန်း၏ စားသုံးကုန်သုံးစွဲမှု တစ်နေ့လျှင်ထရပ်ကားအစီး ၂၄ဝစာရှိဟုဆို

ခတ္တမန္ဒူ ဧပြီ ၁၅

နီပေါနိုင်ငံ၏ မြို့တော်ဖြစ်သော ခတ္တမန္ဒူမြို့နေ လူဦးရေနှစ်သန်းသည် တစ်နေ့လျှင် ထရပ်ကားအစီး ၂၄ဝစာ စားကုန်၊ သောက်ကုန်များကို စားသုံးကြကြောင်း အရာရှိတစ်ဦးက ခတ္တမန္ဒူမြို့၌ ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

ခတ္တမန္ဒူမြို့နေလူထု၏ စားကုန်၊ သောက်ကုန် သုံးစွဲစားသောက်မှုသည် အစဉ်မြင့်တက်ခဲ့ရာ ဆန်ထရပ်ကားအစီး ၈ဝ၊ ၈၂၊ ဟင်းသီးဟင်းရွက်ထရပ်ကား အစီး၄၄စီး၊ အာလူးထရပ်ကားအစီး၃၅စီး၊နို့နှင့်နို့မှုန့်ထရပ်ကားအစီး၃၃စီးစာရှိသည့် စားကုန်သောက်ကုန်များကို နေ့စဉ်စားသုံးကြကြောင်း စက်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေး ဝန်ကြီးဌာန ဒုတိယ အတွင်းဝန် နာရာယန်ပရာဆတ်ဆန်ဂျေးက သတင်းထောက်များအား ပြောကြားသည်။

ထို့ပြင် ခတ္တမန္ဒူမြို့နေ့ လူထုနှစ်သန်းသည် ပြောင်းထရပ်ကားအစီး ၃ဝ၊ သကြားထရပ်ကားအစီး ၄၅စီးနှင့် ဂျုံမှုန့်ထရပ်ကား ငါးစီး၊ ပဲထရပ်ကား ခုနစ်စီး၊ ဆားထရပ်ကားလေးစီး၊ ကြက်သွန်ထရပ်ကား ရှစ်စီး၊ အသားထရပ်ကား ငါးစီး၊ ငါးထရပ်ကား တစ်စီး၊ သစ်သီးထရပ်ကား ၁၂၊ ၁၅ စီးအပြင် စားသုံးဆီတင်ကား သုံးစီးစာရှိသည့် စားကုန်၊ သောက်ကုန်များကိုလည်း သုံးစွဲကြကြောင်း ဆန်ဂျေးက ပြောကြားသည်။

နိုင်ငံ၏စားကုန်သောက်ကုန်သုံးစွဲမှုအပေါ် အစိုးရအဖွဲ့အစည်းများက လေ့လာမှုအပေါ် အခြေခံလျက် ခန့်မှန်းခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ လေ့လာချက်အရ လူတစ်ဦးသည် တစ်နှစ်လျှင် ဆန် ၁၂၂ ကီလို၊ ဂျုံမှုန့် ၁၇ ဒသမ၅ ကီလို၊ ပဲတောင့် ၉ဒသမ၁ကီလို၊ အာလူး ၅ဝဒသမ၃၉ကီလို၊ အသား ၇ဒသမ၄ကီလို၊ စားသုံးဆီ ၄ဒသမ၁၈ ကီလိုအပြင် ဆား၄ဒသမ၇ကီလိုကို စားသုံးကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ခရီးသွား တစ်သိန်းကျော် သီရိလင်္ကာသို့ ယခုနှစ်ပထမ သုံးလအတွင်း လာရောက်ခဲ့

ကိုလံဘို ဧပြီ ၁၅

သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ပထမသုံးလအတွင်း ခရီးသွားဦးရေ တစ်သိန်းကျော်လာရောက်ခဲ့သည်အထိ စတင်မြင့်တက်ပြီး ဆက်လက်မြင့်တက်များပြားလာမည့် အခြေအနေရှိကြောင်း ဒေးလီးနယူးစ်သတင်းစာက အင်္ဂါနေ့၌ ဖော်ပြခဲ့သည်။

သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ဆူနာမိဒဏ်ကိုခံခဲ့ရသော်ငြားလည်း ဇန်နဝါရီလမှမတ်လထိ ခရီးသွားဦးရေ ၁ဝ၉၈၃၂ ဦးရှိခဲ့ကြောင်း၊ ယမန်နှစ် အလားတူကာလက ၁၃၁၉၅၂ ဦးရှိကြောင်း သိရသည်။ ဆူနာမိဒဏ်ခံခဲ့ရသော်လည်း သီရိလင်္ကာသို့ ခရီးသွားများရောက်ရှိမှုသည် ဇန်နဝါရီလမှမတ်လထိ ၃၈၁၈၇၊၃၆၆၄၅ နှင့် ၄၅ဝဝဝအသီးသီး ရှိခဲ့သည်ဟု သီရိလင်္ကာခရီးသွား ဘုတ်အဖွဲ့၏ သုတေသနနှင့် နိုင်ငံတကာရေးရာဌာန (အက်စ်အယ်လ်တီဘီ)က မှတ်တမ်းတင်ထားခဲ့သည်။

လျော့ကျ

ခရီးသွားများသည် သီရိလင်္ကာသို့ စတင်၍ ပိုမိုလာရောက်ကြပြီဖြစ်ကြောင်း၊ မတ်လ၌ လာရောက်သည့် အရေအတွက်ကို မိမိတို့အထင်အရှား တွေ့မြင်နိုင်ကြောင်း၊ မတ်လထိ၌ ရောက်ရှိသည့် ခရီးသွားဦးရေ ၄၅ဝဝဝရှိကြောင်း အက်စ်အယ်လ်တီဘီညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။ လွန်ခဲ့သည့်နှစ် ဇန်နဝါရီလ၌ ၄၉၉၅ဝ၊ ဖေဖော်ဝါရီလ၌ ၄၃၅၈၄၊ မတ်လ၌ ၃၈၄၁၈ ဦး သီရိလင်္ကာသို့ လာရောက်ခဲ့ကြပြီး ဆူနာမိကြောင့် ယခုနှစ်၏ ပထမနှစ်လ၌ ၁၇၉၅ဝ နှင့် ၆၉၃၉ အသီးသီး လျော့ကျခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အေအိုင်ဒီအက်စ်၏ဆိုးကျိုး အာဖရိကအမျိုးသမီးများ ပိုမိုအာရုံစိုက်ရန် တိုက်တွန်း

ဟာရာရေး ဧပြီ ၁၅

အိပ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ်ကူးစက်ဖြစ်ပွားမှုကို အမျိုးသားများထက် အမျိုးသမီးများက ပိုခံနေရချိန်တွင် အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်လုပ်ပိုင်ခွင့်ရှိမှုနှင့် စပ်လျဉ်း၍ အာဖရိက အမျိုးသမီးများအနေဖြင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၏ ဆိုးကျိုးကို ပိုမိုအလေးထားအာရုံစိုက်ကြရန် ဇင်ဘာဘွေဒုတိယသမ္မတဂျိုက်စ်မူဂျူရူက တနင်္လာနေ့၌ တိုက်တွန်းလိုက်သည်။

ဇင်ဘာဘွေနိုင်ငံ မာဆာဆာမြို့ရှိ ခရစ်ယာန်အမျိုးသမီးငယ်များအသင်း (ဝိုင်ဒဗလျူစီအေ)၏ ဒေသဆိုင်ရာသင်တန်းကျောင်းဖွင့်ပွဲ၌ မိန့်ခွန်းပြောကြားရာတွင် ဒုတိယသမ္မတက ထိုသို့ပြောကြားခဲ့သည်။

ဇင်ဘာဘွေအစိုးရသည် အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်၏ ဆိုးကျိုး လျော့နည်းသွားစေရန် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းနေကြောင်း၊ အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ပြဿနာဆိုလျှင် အမျိုးသမီးများ အများဆုံးခံစားရသည်ဆိုခြင်းမှာ ယေဘုယျအသိပင်ဖြစ်ကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

အမှန်တရားကို ရှာဖွေနေသော အာဖရိကအမျိုးသမီးများဆိုသော အကြောင်းအရာဖြင့် တစ်ပတ်ကြာပြုလုပ်ခဲ့သည့် အစည်းအဝေးသို့ အာဖရိကနိုင်ငံ ၂၆နိုင်ငံမှ ကိုယ်စားလှယ်၈ဝ ထက်မနည်းတက်ရောက်ခဲ့ကြသည်။အစည်းအဝေးရည် ရွယ် ချက် သည် အိပ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ် ပြဿနာများကို အမျိုးသမီးများအတွက် လုပ်ပိုင်ခွင့်ပေးရေး နည်းလမ်းများကို ဆွေးနွေးကြမည့်ပြင် အာဖရိကနိုင်ငံများ ကွန်ရက်လုပ်ငန်း တိုးမြှင့်စေရန်လည်း ရည်ရွယ်ကြောင်း ဝိုင်အမ်စီအေအထွေထွေအတွင်းရေးမှူး ရှိလာမာတင်ဒီကီက ပြောကြားသည်။ အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှုမြင့်တက်

ဖနောင်ပင် ဧပြီ ၁၆

ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံတကာဆိုင်ရာဧည့်သည်များသည် ၂ဝဝ၅ ခုနှစ် ပထမသုံးလအတွင်း သိသိသာသာတိုးမြှင့်ခဲ့ရာ ယမန်နှစ် အလားတူကာလထက် ၅၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟုဆိုသည်။

ခရီးသွားလုပ်ငန်းမှရရှိသော ကိန်းဂဏန်းများကို သတင်းစာများ၌ ကြာသပတေးနေ့က ဖော်ပြခဲ့ရာတွင် ၂ဝဝ၅ ခုနှစ် ပထမသုံးလအတွင်း ကမ္ဘောဒီးယားသို့ နိုင်ငံခြားသားဧည့်သည် ၄ဝဝဝဝဝ ခန့်လာရောက်ခဲ့ကြောင်းသိရသည်။

ထိုကာလအတွင်း ဂျပန်နိုင်ငံသည် ကမ္ဘောဒီးယား၏ နံပါတ်(၁) ဈေးကွက်အရင်းအမြစ်ဖြစ်ကာ တောင်ကိုရီးယားနိုင်ငံက ဒုတိယနေရာ၌ရှိသည်။ နိုင်ငံခြားသားဧည့်သည်များသည် ကမ္ဘောဒီးယား နိုင်ငံတွင်း၌ ပျမ်းမျှ ခြောက်ရက်မျှနေထိုင်ကြသည်ဟုဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့၌ ဧပြီ ၁၄ရက်က ကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ် တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားအကြမ်းဖက်မှု ဆန့်ကျင်တိုက်ဖျက်ရေးညီလာခံ ကုလသမဂ္ဂအထွေထွေညီလာခံက ချမှတ်ပြဋ္ဌာန်း

ကုလသမဂ္ဂ ဧပြီ ၁၅

ကုလသမဂ္ဂ အထွေထွေညီလာခံသည် နျူကလီးယားအကြမ်းဖက်မှုဆန့်ကျင်တိုက်ဖျက်ရေး နိုင်ငံတကာ ညီလာခံတစ်ရပ်ကို ဗုဒ္ဓဟူးနေ့က ချမှတ်ပြဋ္ဌာန်းလိုက်ရာ နျူကလီးယားအကြမ်းဖက်မှုကို ဆန့်ကျင်တိုက်ဖျက်ရာတွင် နိုင်ငံပေါင်းစုံ ကြိုးပမ်းမှု၌ ယင်းသည်အရေးကြီးသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း အတွင်းရေးမှူးချုပ်က ချီးကျူးပြောကြားခဲ့သည်။

နိုင်ငံတကာစာချုပ်

အဆိုပါ ညီလာခံသည် နျူကလီးယားအကြမ်းဖက်လုပ်ရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုပေးမည်ဖြစ်သည့်ပြင် လိုအပ်သော လုပ်ငန်းများကို အစိုးရအဖွဲ့အစည်းများ အားလုံးဆောင်ရွက်ရန် တိုက်တွန်းတောင်းဆိုမည်ဖြစ်သည်။ နျူကလီးယားအကြမ်းဖက်မှုများအား နှိပ်ကွပ်ရေးဆိုင်ရာ အဆိုပါညီလာခံကို မဲဆန္ဒပေးမည့်အစား တညီတညွတ်တည်း ထောက်ခံပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ယင်းသည် အမေရိကန်ပြည်ထောင်စုအား စက်တင်ဘာလ ၁၁ရက်၌ အကြမ်းဖက် တိုက်ခိုက်မှုပေါ်ပေါက်ခဲ့ချိန်မှစပြီး ၁၃ခုမြောက် အကြမ်းဖက်မှု တိုက်ဖျက်ရေး နိုင်ငံတကာစာချုပ်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများဝန်ထမ်းမိသားစု နှစ်သစ်မင်္ဂလာအလှူဒါနအဖြစ် ဇီဝိတဒါနသက်လွှတ်၊ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအလှူဒါနအဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများဝန်ထမ်း မိသားစုတို့က ဇီဝိတဒါနသက်လွှတ်ခြင်း၊ စုပေါင်းသွေးလှူဒါန်းခြင်း၊ ဆရာတော်သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ရနာရီမှ စတင်၍ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများမှ ဝန်ထမ်းမိသားစုများသည် တာဝန်ရှိသူများ ကြီးကြပ်လိုက်ပါလျက် လှော်ကားရေလှောင်ကန်သို့ သွားရောက်ကြပြီး ဇီဝိတဒါနအဖြစ် ငါးကောင်ရေ ၂၀၀၀ ကို ရေလှောင်ကန်အတွင်းသို့ သက်လွှတ်ပေးကြကာ စာကလေးကောင်ရေ၃၀၀ ကိုလည်း ဇီဝိတဒါန သက်လွှတ်ပေးကြသည်။

သွေးလှူဒါန်း

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ဝန်ထမ်းမိသားစုများသည် မင်္ဂလာဒုံရှိ တပ်မတော်ဆေးရုံကြီးသို့သွားရောက်၍ သွေးလှူဒါန်းကြသည်။

ရှေးဦးစွာ စုဝေးခန်းမ၌ တပ်မတော်ဆေးရုံကြီး ကုသမှုအကူဌာနကြီးမှူး ဗိုလ်မှူးကြီးမျိုးညွန့်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်က လက်ခံသည်။

ယင်းနောက် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေကြသော တပ်မတော်သားများအတွက် ဝန်ထမ်းမိသားစု ၇၆ ဦးတို့က ဇီဝိတဒါနအဖြစ် စုပေါင်းသွေးလှူဒါန်းကြသည်။

ထို့နောက် မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာ အလှူဒါနအဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ဝန်ထမ်း မိသားစုများက ဗဟန်းမြို့နယ် အလယ်တောရစံပြ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားကို နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ (ပထမထပ်) ရှိ မုခ်ဦးဆောင် အခန်းအမှတ်(မ–၁၀၅)နှင့် (မ–၁၀၆)တို့၌ ကျင်းပသည်။

တက်ရောက်

လှူဒါန်းပွဲ အခမ်းအနားသို့ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အလယ်တောရစံပြ စာသင်တိုက် ပဓာနနာယက ဆရာတော်အမှူးပြုသော ပင့်သံဃာတော် ၁၅ ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များထံမှ ဩဝါဒပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် ဗဟိုရုံးများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဗဟန်းမြို့နယ် အလယ်တောရ စံပြစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံး**များ ဝန်ထမ်းမိသားစုများ၏ နှစ်သစ်မင်္ဂလာအလှူဒါနအဖြစ် ဗဟန်းမြို့နယ် အလယ်တောရစံပြ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသ အမှူးပြုသော ဆရာတော်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် ဗဟိုရုံးများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

ရွှေပြည်ဟိန်း ဇီဝိတဒါန နှစ်ဦးအလှူ

ရန်ကုန် ဧပြီ ၁၇

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်သော ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း ဇီဝိတဒါန အလှူတော်အတွက် နှစ်သစ်ဦးဒါနပြုကြရာတွင် ကိုစိုးပိုင်–မခင်မြတ်ဆွေ (ပိုင်မိသားစုကုမ္ပဏီ)အေးရိပ်မွန် လှိုင်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးအေးဝင်း–ဒေါ်နွယ်နီတင်မိသားစု အမှတ် ၂၈၈/၂၉၀ ရွှေတိဂုံဘုရားလမ်းက ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်ပိုနှင့်မိသားစု ၄၄ လမ်း ဗိုလ်တထောင်က ငွေကျပ်ငါးသောင်း ကိုးထောင်၊ ဒေါ်ခင်စန်းဝင်းမိသားစု မင်းရဲကျော်စွာ တာမွေက ငွေကျပ် သုံးသောင်း၊ ဦးခင်မောင်အေး–ဒေါ်လှလှဌေး သီရိဇေယျာလမ်း ဘောက်ထော်က ငွေကျပ် သုံးသောင်း အသီးသီးလှူဒါန်းကြသည်။လှူဒါန်းလိုပါက ဖုန်း–၅၄၁၄၉၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ နှစ်ဆန်းတစ်ရက်နေ့ ကျပ်သိန်း၇၀ကျော်လှူဒါန်း

ရန်ကုန် ဧပြီ ၁၇

ယနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့် အားလျော်စွာ ဘုရားကျောင်းကန်များ၌ နှစ်သစ် အလှူဒါနပြုလုပ်သူများနှင့် စည်ကားလျက်ရှိရာ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင်လည်း ဂိလာနသံဃာတော်များ၊ သီလရှင်များအတွက် ရည်စူး၍ စေတနာရှင် အလှူရှင်များက သဒ္ဓါထက်သန်စွာ လာရောက် လှူဒါန်းကြရာ အလှူရှင်ပေါင်း ၂၉၀ ကျော်က အလှူငွေကျပ်သိန်း ၇၀ ကျော် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်ခရီးမဟာသင်္ကြန်မဏ္ဍပ် မြန်နန္ဒာသီချင်းဖြင့်ပိတ်သိမ်း

ရန်ကုန် ဧပြီ ၁၇

မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်၍ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖြစ် ဆင်နွှဲလျက်ရှိသော မန္တလေးမြို့ ကျုံးရှေ့ ၆၆ လမ်းနှင့် ၂၄ လမ်းထောင့် အင်းဝဟိုတယ်ရှေ့ရှိ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအသင်း၏ မြန်မာ့ရိုးရာ မဟာသင်္ကြန်မဏ္ဍပ်၌ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ နံနက်ပိုင်းတွင် အတာသင်္ကြန်ပွဲကို ပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲကြသည်။

စုပေါင်းသီဆိုကပြ

ညနေပိုင်းတွင် အဆိုပါမဏ္ဍပ်၌ ဖိတ်ကြားထားသော အိမ်နီးချင်းနိုင်ငံများမှ ရိုးရာအကများ၊ မန္တလေးမြို့ ယဉ်ကျေးမှုအနုပညာဦးစီးဌာနမှ သမီးပျိုကလေးများ၏ အဆိုအကများ၊ ရုပ်ရှင်ဂီတအနုပညာရှင်များ၏ အဆို အက များဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ညနေ ၆ နာရီတွင် တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် အနုပညာရှင်များကစုပေါင်း၍ မန်းတောင်ရိပ်ခို (မြနန္ဒာ)တေးသီချင်းဖြင့် စုပေါင်းသီဆိုကပြကြပြီး မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအသင်း၏ မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်ကို ပိတ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၃၆၇ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့က သာကေတမြို့နယ် ၂/မြောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဓမ္မာရုံအဖွဲ့တို့ ကြီးမှူးကျင်းပသည့် (၄၆)ကြိမ်မြောက် နှစ်ကျိုပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲ ကျင်းပရာ သဒ္ဒါရုံလမ်းမကြီးတွင် လှည့်လည်အပူဇော်ခံစဉ်။ (မြန်မာ့အလင်း)

ဒေါပုံမြို့နယ် ဗိုလ်ထွန်းဖံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မတ် ၂၈ ရက်က ထွန်းဖံကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ရီနှင့် ဗိုလ်ထွန်းဖံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဆထူးပန် နွေရာသီအဘိဓမ္မာညဝါ အထူးသင်တန်းပို့ချပေးမည်

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၁၅) နတ်မောက်ရိပ်သာလမ်း မျက်စိအထူးကုဆေးရုံအနီးရှိ ဆထူးပန် စာသင်တိုက်တွင် စတုတ္ထအကြိမ်မြောက် နွေရာသီဆထူးပန်အဘိဓမ္မာ ညဝါယမိုက်၊ ပဋ္ဌာန်းအထူးသင်တန်းကို ဧပြီ ၂၄ ရက်မှ မေ ၂၉ ရက်အထိ မွန်းလွဲ ၁ နာရီတွင် ပဋ္ဌာန်းကျမ်း၊ မွန်းလွဲ ၂ နာရီတွင် အထက်ယမိုက်ငါးကျမ်းနှင့် ညနေ ၄ နာရီတွင် အောက်ယမိုက် ငါးကျမ်းတို့ကို နယ်လှည့် အဘိဓမ္မာညဝါ သင်တန်းနည်းပြ အရှင်နန္ဒာစရိယက ပို့ချပေးမည်ဖြစ်ရာ ရဟန်းရှင်လူ သီလရှင်များ ဖုန်း–၀၁–၅၄၅၉၈၀ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

18-4 (05).p65 1 3/24/05, 10:06 PM

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မိသားစုများ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ကျပ်၃၅သိန်းကျော်လှူဒါန်း

ရန်ကုန် ဧပြီ ၁၇

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေးတို့အား အမှူးထား၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ (၁၄)ကြိမ်မြောက်လှူဒါန်းသည့် ၁၃၆၇ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အလှူမင်္ဂလာအခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမဆောင်၌ကျင်းပသည်။

ရှေးဦးစွာနံနက်၇နာရီတွင် ဝန်ကြီးဌာန ဝန်ထမ်းများက ဘိုးဘွားရိပ်သာ ဘိုးဘွား ၂၀၀ကျော် တို့အား ခေါင်းလျှော်ပေးခြင်းနှင့် ခြေသည်းလက်သည်းလှီးဖြတ်ခြင်း၊ အမွှေးနံ့သာရည်များ လိမ်းကျံခြင်းတို့ဖြင့် ကုသိုလ်ယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နံနက်၁၀ နာရီတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များထံမှ ကိုးပါးသီလနှင့် ပရိတ်တရားတော်များ နာယူကြပြီး မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီးကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်က အလှူဒါနပြုခြင်းနှင့်စပ်လျဉ်း၍ တင်ပြလျှောက်ထားသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များက ဆရာတော်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီးနှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြပြီး မဟာသင်္ကြန် အကြိုနေ့မှ မြန်မာနှစ်ဆန်းတစ်ရက်နေ့ အထိ ဘိုးဘွားရိပ်သာသို့ လှူဒါန်းငွေ ကျပ် ၃၅၈၄၀၀၀ကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ ဘိုးဘွားများအတွက် နံနက်စာ လှူဒါန်းသည်။

ဓီဝိတဒါနငါးလွှတ်

ညနေပိုင်းတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ကမ္ဘာအေး ဒဂုံသီရိမဟာ ဘေးမဲ့ကန်တော်ကြီး၌ ဓီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ပရိတ်တော်နှင့် မေတ္တာဘာဝနာများ ရဟတ်ယာဉ်ဖြင့်လှည့်လည်ရွတ်ဆို

ရန်ကုန် ဧပြီ ၁၇

၁၃၆၇ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သော ယနေ့နံနက်၇နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးကိုးပါးတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားအားလုံး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာတိုးပွားစေခြင်းအကျိုးငှာလည်းကောင်း၊ အန္တရာယ်ခပ်သိမ်း ဘေးခပ်သိမ်းတို့ ကင်းငြိမ်းပါစေခြင်း အကျိုးငှာလည်းကောင်း ရန်ကုန်မြို့တော်နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များပေါ်သို့ ကောင်းကင်ယံမှ ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ ပရိတ်တော်နှင့် မေတ္တာဘာဝနာများ ရွတ်ဆိုပွားများတော်မူကြပြီး ပရိတ်ရေစင်များ သွန်းဖျန်းတော်မူကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်နေ ပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ဖူးကြီးရေလှောင်ကန်အတွင်းသို့ ပရိတ်ရေများသွန်းလောင်း

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်မြို့တော်အတွင်း မှီတင်းနေထိုင်ကြသောပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်းနှင့် ရေလှောင်ကန်ကြီးများအတွင်းသို့ ပရိတ်ရေများ သွန်းလောင်းခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဖူးကြီးရေလှောင်ကန် ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ အဘိဓဇမဟာရဋ္ဌဂုရုထံမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်နှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်စိုးနှင့်ဇနီး၊ ဧည့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များရွတ်ပွား သရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။ ထို့နောက် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်မြို့တော်နေ ပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ဆရာတော် သံဃာတော်များနှင့် မြို့တော်ဝန်၊ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့က ဖူးကြီးရေလှောင်ကန်အတွင်းသို့ ရေယူအဆောက်အအုံပေါ်မှ ပရိတ်ရေများ သွန်းလောင်းကြသည်။**(အပေါ်ပုံ)**

ထို့အပြင်အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်နှင့် ဝန်ထမ်းများက ဂျိုးဖြူ၊ လှော်ကား၊ ငမိုးရိပ်ရေလှောင်ကန်များ အတွင်းသို့လည်း ပရိတ်ရေများ သွန်းလောင်းကြသည်။ **(၂၁၀)**

မုဒိတာစိတ် ယှိဖိတ်ပါစေ

* သင်္ကြန်ကာလ၊ ပျော်ရွှင်ကြ၍
မြန်မာ့ထုံးစံ၊ ကျောင်းကန်ဘုရား
ပွားများကုသိုလ်၊ နှစ်လိုဖွယ်ရာ
ကြည်သဒ္ဓါဖြင့်
သူငါရွှင်ပျ၊ ရှိနေကြပုံ
အလုံးစုံကို၊ အကုန်မြင်တွေ့
ဓလေ့မြန်မာ၊ ချစ်စရာ။

* မြန်မာ့အတာ၊ ချစ်စရာပွဲ
တူယှဉ်နွှဲသည့်၊ မြစ်မဲခေါင်နေ
ချစ်မိတ်ဆွေများ
ပျော်ပါးကြည်ရွှင်၊ ပုံသွင်မခြား
မြန်မာများနှယ်၊ ချစ်စဖွယ်။

* ဩော်- မြန်မာပြည်တွင်း
ငြိမ်းချမ်းခြင်းကြောင့်၊ ပြည်တွင်းမြန်မာ
ဒီအတာမှာ၊ ကြည်သာရွှင်ပျ
ပျော်နိုင်ကြသို့၊ ဒေသအတွင်း
ရောင်းရင်းမိတ်ဆွေ၊ မကွေတူတကွ
ပျော်နိုင်ကြတာ၊ မှန်ဖြစ်ပါ၏။

* ဒီနေ့ချိန်ခါ၊ ကမ္ဘာလှစ်ပြ
မြန်မာ့လက်ရှိ၊ ပကတိပုံဟန်
တာသင်္ကြန်ကို
အမှန်တွေ့မြင်၊ ဝန်းကျင်ကမ္ဘာ
မုဒိတာစိတ်၊ ယှိကာဖိတ်လျက်
စိတ်တွင်းအမြင်၊ ကြည်ကြည်လင်ဖြင့်
ပျော်ရွှင်နိုင်ကြပါစေသတည်း။ ။

မျိုးလွှား

ပြန်ကြားရေးဝန်ကြီးဌာန ရုပ်ရှင်လုပ်ငန်းရုံးချုပ် ပရိတ်တရားတော်နာယူ

ရန်ကုန် ဧပြီ ၁၇

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုံးချုပ် အမှတ်(၂၈) ကုက္ကိုင်းရိပ်သာလမ်း ဗဟန်းမြို့နယ်တွင် ၁၃၆၇ခုနှစ် ဦးတန်ခူးလဆန်း ၉ရက် မြန်မာနှစ်ဆန်း တစ်ရက်နေ့ ညနေ ၅ နာရီခွဲတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်နှင့် အရာထမ်း၊ အမှုထမ်းများက သံဃာတော်အရှင်သူမြတ်များအား ပင့်ဖိတ်၍ ပရိတ်တရားတော် နာယူကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာ သက်ကြီးပူဇော်ကန်တော့ပွဲကို တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မာဃ (၄)လမ်း မဏ္ဍပ်တွင် ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)က ပြုလုပ်ရာ ဦးသိန်းအေး-ဒေါ်စန်းကြည် (သံဆန်ခါလုပ်ငန်း) မိသားစုနှင့် လမ်းသူလမ်းသားများက အဘိုးအဘွား ၅၀ တို့အား အဝတ်အထည်၊ ဆေးဝါး၊ စားသောက်ကုန်များစုပေါင်းလှူဒါန်းကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပို့ဆောင်ရေးဝန်ကြီးဌာန သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန၏ဆဋ္ဌမအကြိမ် အဘိုးအဘွားပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့မြန်မာနှစ်ဆန်း တစ်ရက်နံနက်၈နာရီတွင် မဟာဝိဇယစေတီပရဝဏ်အတွင်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၏ ဇနီးဒေါ်မြသီဂီ၊ ဒုတိယဝန်ကြီးဦးဖေသန်း၊ ဒုတိယဝန်ကြီးဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့်ဇနီး၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်နှင့်ဇနီး၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများမှ ဌာနအကြီးအကဲများနှင့် ၎င်းတို့ဇနီးများ၊ ကန်တော့ခံ အဘိုးအဘွားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းက သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဘိုးအဘွားများအား ပရိသတ်များက လက်အုပ်ချီမိုးကန်တော့ကြပြီး ဝန်ကြီး၏ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများက ကန်တော့ပစ္စည်းများကို ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဧပြီလ ၁၂ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၅၆၀၈)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ရတနာဆင်ဖြူတော်များအား မင်္ဂလာနံ့သာရေစင်သွန်းဖျန်းခြင်းနှင့် ရိက္ခာတော်အသပြာငွေများချီးမြှင့်ခြင်းမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၇

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်သို့ ရောက်ရှိပြီး မင်းဓမ္မကုန်းတော်၌တည်ထားကိုးကွယ်သည့် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ မျက်နှာတော်အား ရောင်တော်ဖွင့်ပူဇော်သည်။

ယင်းနောက် ရာဇဂဟသိရီပစ္စယ ဂဇရာဇာရတနာဆင်ဖြူတော်၊ သိင်္ဂီမာလာ ရတနာဆင်ဖြူတော်နှင့် ရတိမာလာ ရတနာဆင်ဖြူတော်များအား မင်္ဂလာနံ့သာရေစင် သွန်းဖျန်းခြင်းနှင့် ရိက္ခာတော် အသပြာငွေများ ချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မလမ်း ရတနာဆင်ဖြူတော်ဥယျာဉ်ရှိ ရတနာဆင်ဖြူတော်ဆောင်၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ပြီး ရတနာဆင်ဖြူတော်များအား မင်္ဂလာနံ့သာရေစင်သွန်းဖျန်းပေးကာ အစာအာဟာရများ ကျွေးမွေးသည်။

တက်ရောက်

အဆိုပါ မင်္ဂလာ အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဒေဝါဝင်း၊ ရာဇာဝင်း အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မင်္ဂလာအခမ်းအနားတွင် ရှေးဦးစွာ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က အောင်ဂါထာတော်ကို ရွတ်ဆိုပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ရေစင်သွန်းဖျန်း

ယင်းနောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ရာဇဂဟ သိရီပစ္စယဂဇရာဇာ ရတနာဆင်ဖြူတော်၊ သိင်္ဂီမာလာ ရတနာဆင်ဖြူတော်နှင့် ရတိမာလာ ရတနာဆင်ဖြူတော်တို့အား မင်္ဂလာနံ့သာရေစင် သွန်းဖျန်းပေးသည်။

ဆက်လက်၍ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ရတနာဆင်ဖြူတော်များအား အစာအာဟာရများ ကျွေးမွေးသည်။

လက်ဖွဲ့ပေးအပ်ချီးမြှင့်

ထို့နောက် လေးပြင်လေးရပ်မှ သူကြွယ်ဇနီးမောင်နှံများဖြစ်ကြသည့် ဦးအောင်ဇော်မြင့်နှင့် ဇနီး သီရိသုဓမ္မ သိင်္ဂီ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးဇော်မင်းဇင်နှင့် ဇနီး ဒေါ်တင်သီတာ၊ သီရိသုဓမ္မမဏိဇောတဓရ ဦးဘိုကြီးနှင့် ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း၊ သီသုဓမ္မမဏိဇောတဓရ ဒေါက်တာ မိုးတင်နှင့်ဇနီး ဒေါက်တာဒေါ်အိအိတင်၊ ဦးတင်စိန် (မြန်မာယူနီဗာဆယ် ဘဏ် ဥက္ကဋ္ဌ) နှင့် ဇနီး သီရိသုဓမ္မ သိင်္ဂီ ဒေါ်နမ်းခမ်းတစ်နှင့် သမားတော်ကြီး ဦးလှဋ္ဌေး(မှန်ချိုဆေးတိုက်) နှင့် ဇနီး သီရိသုဓမ္မသိင်္ဂီ ဆရာမ ဒေါ်တင်နွယ်ဦးတို့က ရတနာဆင်ဖြူတော်များအတွက် ရိက္ခာတော် အသပြာများကို ဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တာဝန်ခံ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဆွေသို့ လက်ဖွဲ့ပေးအပ်ချီးမြှင့်ကြသည်။

ဆုလာဘ်များချီးမြှင့်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် လုံခြုံရေးအဖွဲ့များအား ဆုလာဘ်များ ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် သိင်္ဂီမာလာ ရတနာဆင်ဖြူတော်အား အာဟာရများ ကျွေးမွေးစဉ်။
(သတင်းစဉ်)

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မင်္ဂလာရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။ **(သတင်းစဉ်)**

မဟာဝိဇယ စေတီတော်ကြီး၌ ဘာနုရာဇာနေမင်းကြီးက မြတ်စွာဘုရားအား ဦးခိုက်ပူဇော်

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ဓမ္မရက္ခိတကုန်းပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပွရာဇိတပလ္လင်ပေါ်၌ သီတင်းသုံး စံပယ်လျက်ရှိတော်မူသော နာဂစီဝရ ပဋ္ဌပဋိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာနုရာဇာနေမင်းကြီးသည် မိမိ၏အလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက် မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် တန်ခူးလဆန်း ၉ ရက် မြန်မာနှစ်ဆန်းတစ်ရက် (၂၀၀၅ခုနှစ် ဧပြီ ၁၇ ရက်) နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၃၅ မိနစ်တွင်တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်သည်။

လာရောက်ဖူးမြော်ကြည်ညို

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် မြတ်စွာဘုရားအား ပူဇော်၍ ဆုတောင်း အဓိဋ္ဌာန်ပြုကြသူများ အဓိဋ္ဌာန်အောင်မြင်ပြီး ဆုတောင်းပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသောအချိန်အခါတွင် ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုကြသည်။

(သတင်းစဉ်)

ကျောက်မီးသွေးတူးဖော်ရေးစီမံကိန်းလုပ်ငန်းခွင်

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် တီကျစ်ဒေသ၌ တည်ဆောက်ပြီးစီးသွားသည့် မဂ္ဂါဝပ် ၆၀ ထုတ်လုပ်ပေးနိုင်သော တာဘိုင်စက်နှစ်လုံးတပ် စုစုပေါင်း မဂ္ဂါဝပ် ၁၂၀ ထုတ်ပေးနိုင်မည့် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံသို့ အရေးကြီးသော လောင်စာကျောက်မီးသွေးကို အရည်အသွေးမှန်မှန်နှင့် အချိန်မှန်မှန် ထုတ်လုပ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေး စီမံကိန်းလုပ်ငန်းခွင်ကို ဧပြီ ၁၂ ရက်က ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

18-4 (07).p65 1 3/24/05, 10:06 PM

နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရန်ရည်မှန်းချက်ထားကြိုးပမ်းလုပ်ဆောင်လျက်ရှိ

* ရှေ့ဖုံးမှ

ထိုသို့ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က ရခိုင်ပြည်နယ် သံတွဲဒေသနှင့် အမ်းဒေသတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် သူငွေးချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းတို့နှင့် စပ်လျဉ်း၍ အကြိုတည်ဆောက်ရေးလုပ်ငန်းများ၊ မြေပြင်တိုင်းတာမှုလုပ်ငန်းများ၊ ဇလဗေဒတိုင်းတာခြင်းလုပ်ငန်း၊ ဘူမိဗေဒ စူးစမ်းလေ့လာခြင်းလုပ်ငန်းနှင့် အခြေခံဒီဇိုင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စီမံကိန်းအလိုက် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် အခြေအနေတို့ကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ငွေးဦးနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့က ဝန်ကြီးဌာနအလိုက် ပံ့ပိုးဆောင်ရွက်ပေးမည့် လုပ်ငန်းအခြေအနေများကို ဖြည့်စွက်တင်ပြကြသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ငပလီရော်ဘာခြံအတွင်း ရော်ဘာပျိုးပင်များ စိုက်ပျိုးထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က နိုင်ငံတော်တစ်ဝန်းလုံးတွင် ရေအားလျှပ်စစ် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဘက်စုံကဏ္ဍစုံ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဘက်စုံကဏ္ဍစုံမှာ ၁၀ နှစ်ကျော်ကာလမျှ ကြိုးစားလုပ်ဆောင် ခဲ့ကြကြောင်း။

ရခိုင်ပြည်နယ်သည် အဘက်ဘက်က ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ရာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က စီမံဆောင်ရွက်ပေးဖို့လိုကြောင်း။

ပထမဆုံးအနေဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပဓာနကျသည့် လမ်းမကြီးများ၊ တံတားကြီးများကို စီမံကိန်းများ ချမှတ်ပြီး တည်ဆောက်ပေးခဲ့ရာ ယခုအခါတွင် လမ်းများ၊ တံတားများ များစွာဖြစ်ထွန်းလာပြီး ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးမှာလည်း တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း။

သို့ဖြစ်၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တစ်ခုဖြစ်သော လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် တစ်ပြည်နယ်လုံး အတိုင်းအတာအထိ အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

ထို့ကြောင့် သူငွေးချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ကျိန်တလီရေအားလျှပ်စစ်စီမံကိန်းများ စီစဉ်ဆောင်ရွက်ပေးပြီး သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်စသည့် တောင်ပိုင်းမြို့နယ်များအတွက် စီစဉ် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

စီမံဆောင်ရွက်

မိမိတို့အနေဖြင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရန် ရည်မှန်းချက်ထားပြီး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်နှင့်အညီ ရခိုင်ပြည်နယ်ကိုလည်း တစ်ပြည်လုံးနှင့် ဆက်စပ်ယှဉ်တွဲလျက် နိုင်ငံတော်၏ ဖွံ့ဖြိုးမှု အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်လာစေရအောင် စီမံဆောင်ရွက်ပေးရမှာ ဖြစ်ကြောင်း။

ရခိုင်ပြည်နယ် တစ်ခုလုံး လျှပ်စစ်ဓာတ်အားကို ထိုက်သင့်သလောက် ရည်မှန်းချက်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရေးစီမံကိန်းများကို စနစ်တကျ အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ကချင်ပြည်နယ်အတွင်း ဧရာဝတီမြစ်ကျဉ်း ရေအားလျှပ်စစ်စီမံကိန်း၊ စစ်ကိုင်းတိုင်းအတွင်း မော်လိုက်နှင့် မဏိပူရေအားလျှပ်စစ်စီမံကိန်းများ၊ ရှမ်းပြည်နယ်တွင် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ ကျိုင်းတုံမြို့အနီးရှိ နမ့်လွေရေအားလျှပ်စစ်စီမံကိန်း၊ တနင်္သာရီတိုင်းအတွင်း မေယွန်ရေအားလျှပ်စစ်စီမံကိန်းစသည့် တစ်နိုင်ငံလုံး၌ ဖြန့်ကြက်တည်ဆောက်ပေးနေသော ဒေသအလိုက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးစီမံကိန်းများ အကောင်အထည်ပေါ်လာသည်နှင့်တစ်ပြိုင်နက် တစ်ပြည်လုံးလျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ပြီဟု ပြောနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

သူငွေးချောင်းရေအားလျှပ်စစ်စီမံကိန်း

သံတွဲဒေသ၌ တည်ဆောက်မည့် သူငွေးချောင်းရေအားလျှပ်စစ်စီမံကိန်းကို မဟာဓာတ်အားလိုင်းပြင်ပရှိ ရခိုင်ပြည်နယ် တောင်ပိုင်းဒေသများသို့ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်နှင့် မဟာဓာတ်အားလိုင်းစနစ်နှင့် ဆက်သွယ်နိုင်ရန်၊ ဒေသတွင်း ရေကြီးခြင်းမှကာကွယ်ရန် ရည်ရွယ်၍ တည်ဆောက်သွားမည်ဖြစ်ပြီး ယင်းစီမံကိန်းသည် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၅မိုင်ခန့်အကွာတွင် တည်ရှိသည့် သတဲချောင်း သို့မဟုတ် သူငွေး ချောင်းပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။ တမံအမျိုးအစားမှာ ဇုန်အမျိုးအစားကျောက်ဖြည့်တမံ (Zone-Type with Central Earth Core) ဖြစ်ပြီး တမံအလျားမှာ ပေ ၁၃၀၀ ရှိ၍ တမံအမြင့်မှာ ပေ ၂၅၀ ဖြစ် သည်။

ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၃ ဒသမ ၄ သိန်းဧကပေဖြစ်၍ ရေအားအမြင့်မှာ ၂၁၆ ပေဖြစ်သည်။ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်နိုင်စွမ်းရှိပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့်ဓာတ်အားမှာ ၃၁၈ ကီလိုဝပ် နာရီသန်းပေါင်း ဖြစ်သည်။

ယင်းစီမံကိန်းကို သံတွဲဒေသနှင့် ငပလီကမ်းခြေဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဦးစားပေးတည်ဆောက်သွားမည်ဖြစ်သည်။

အမ်းဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်သွားမည့် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် အမ်းမြို့၏ အရှေ့မြောက်ဘက် သုံးမိုင်ခွဲခန့်အကွာ အမ်းချောင်းပေါ်တွင် ရှိသည်။

တမံအလျားမှာ ပေ ၁၆၀၀ ရှိ၍ တမံအမြင့်မှာ ပေ ၁၄၀ ရှိမည်ဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၃၉၉၄၀၀ ဧကပေဖြစ်သည်။

ပထမအဆင့်တွင် လျှပ်စစ်ဓာတ်အား ၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်၍ ဒုတိယအဆင့်တွင် လျှပ်စစ်ဓာတ်အား ၁၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

နှစ်စဉ်ပျမ်းမျှ ဓာတ်အားထုတ်လုပ်နိုင်မှုမှာ ပထမအဆင့်တွင် ၃၃ ကီလိုဝပ်နာရီသန်းပေါင်း ဖြစ်၍ ဒုတိယအဆင့်တွင် ၅၃ ကီလိုဝပ်နာရီသန်းပေါင်း ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၁၆ရက်နံနက် ၇နာရီတွင် သံတွဲမြို့ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ သံတွဲဆီအုန်းခြံသို့ သွားရောက်ပြီး ဆီအုန်းပင်များစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဆီအုန်းခိုင်များကို အပင်သက်တမ်းပြည့် ဆွတ်ခူးနိုင်ရေး စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောင်၊ စက်မှုကုန်ကြမ်းရှာဖွေရေးဌာန အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီးဟန်တင်တို့ လိုက်ပါလျက် သံတွဲ-ငပလီ ကားလမ်းဘေးဝဲယာ၌ ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ငပလီရော်ဘာခြံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဦးမင်းစွမ်းရည်က ခြံ၏တည်နေရာ၊ ရော်ဘာစိုက်ပျိုးထားရှိမှုအခြေအနေ၊ ၂၀၀၄-၂၀၀၅ခုနှစ် ရော်ဘာထုတ်လုပ်မှုအခြေအနေတို့ကိုရှင်းလင်းတင်ပြပြီး ဝန်ကြီးက ရော်ဘာထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်ရေး၊ ပြည်ပရောင်းတမ်းဝင် စံချိန်မီရော်ဘာပြားများ ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးကို ဂရုပြုဆောင်ရွက်သွားရန် မျိုးကောင်းမျိုးသန့်များ ရှာဖွေစိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် ရော်ဘာခြံအတွင်း ရော်ဘာပျိုးပင်များ စိုက်ပျိုးထားရှိမှု အခြေအနေ၊ ရော်ဘာကြိတ်စက်၊ မှိုင်းခံသိုလှောင်ရုံနှင့် ရိပ်သာ ဆောက်လုပ်မည့်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း

- အမ်းဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်သွားမည့် အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် အမ်းမြို့၏ အရှေ့မြောက်ဘက် သုံးမိုင်ခွဲခန့်အကွာ အမ်းချောင်းပေါ်တွင်ရှိသည်။ တမံအလျားမှာ ပေ ၁၆၀၀ ရှိ၍ တမံအမြင့်မှာ ပေ ၁၄၀ ရှိမည်ဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၃၉၉၄၀၀ ဧကပေ ဖြစ်သည်။ ပထမအဆင့်တွင် လျှပ်စစ်ဓာတ်အား ၅မဂ္ဂါဝပ် ထုတ်လုပ်နိုင်၍ ဒုတိယအဆင့်တွင် လျှပ်စစ်ဓာတ်အား ၁၀မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ နှစ်စဉ် ပျမ်းမျှဓာတ်အား ထုတ်လုပ်နိုင်မှုမှာ ပထမအဆင့်တွင် ၃၃ ကီလိုဝပ် နာရီသန်းပေါင်းဖြစ်၍ ဒုတိယအဆင့်တွင် ၅၃ ကီလိုဝပ် နာရီသန်းပေါင်းဖြစ်သည်။

သူငွေးချောင်းရေအားလျှပ်စစ်စီမံကိန်း

- သံတွဲဒေသ၌ တည်ဆောက်မည့် သူငွေးချောင်း ရေအားလျှပ်စစ်စီမံကိန်းကို မဟာဓာတ်အားလိုင်း ပြင်ပရှိ ရခိုင်ပြည်နယ် တောင်ပိုင်းဒေသများသို့ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်နှင့် မဟာဓာတ်အားလိုင်းစနစ်နှင့် ဆက်သွယ်နိုင်ရန်၊ ဒေသတွင်း ရေကြီးခြင်းမှကာကွယ်ရန် ရည်ရွယ်၍ တည်ဆောက်သွားမည်၊
- ယင်းစီမံကိန်းကို သံတွဲမြို့၏ အရှေ့ မြောက်ဘက် ၁၅မိုင်ခန့်အကွာတွင် တည်ရှိသည့် သတဲချောင်း သို့မဟုတ် သူငွေးချောင်းပေါ်တွင် တည်ဆောက်သွားမည်၊
- တမံအမျိုးအစားမှာ ဇုန်အမျိုးအစား ကျောက်ဖြည့် တမံ (Zone-Type with Central Earth Core) ဖြစ်ပြီး တမံအလျားမှာ ပေ ၁၃၀၀ ရှိ၍ တမံအမြင့်မှာ ပေ ၂၅၀ ဖြစ်၊
- ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၃ ဒသမ ၄ သိန်း ဧကပေဖြစ်၍ ရေအားအမြင့်မှာ ၂၁၆ ပေဖြစ်၊
- လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်နိုင်စွမ်း ရှိပြီး နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့်ဓာတ်အားမှာ ၃၁၈ကီလိုဝပ် နာရီသန်းပေါင်း ဖြစ်သည်။

● *ကျောဖုံးမှ*

သို့ဖြစ်သည်နှင့်အညီ ယနေ့ နှစ်သစ်မင်္ဂလာ အခါသမယတွင် ရန်ကုန်မြို့တော်တစ်ဝန်းလုံးရှိ မြို့နယ်၊ ရှေးဦးစွာ နံနက် ၇ နာရီတွင် အဘယဒါန၊ ဇီဝိတဒါန၊ ဝေယျာဝစ္စ ဒါနအစီအစဉ်ကို စတင်ကျင်းပရာ ဝိဇယမင်္ဂလာ ဓမ္မသဘင်ရှေ့၌

ထို့နောက် ဩဝါဒါစရိယ ဆရာတော်များနှင့် နာယက ဆရာတော်များက ဦးဆောင်၍ အစီအစဉ်အတိုင်း သတိပဋ္ဌာန်တရားအမှတ်ဖြင့် တန်းစီပြီး နှစ်သစ်ကူးပဒေသာပင်မဲများကို အလှည့်ကျ အလှူခံတော်မူကြသည်။

ကမ္ဘာအေးစေတီ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်မင်္ဂလာအခါတော်နေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ အာရုံခံတန်ဆောင်း အပေါ်ထပ်၌ ကျင်းပသည်။

တော်အတွင်း၌ ငှက်ကောင်ရေ ၄၀၀၀ ကျော်နှင့် ရှင်ဥပဂုတ္တကန်တော်မင်္ဂလာအတွင်း၌ ငါးကောင်ရေ ၁၀၈၀ တို့အား အဘယဒါန၊ ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ခြင်းတို့ကို လည်းကောင်း ဆောင်ရွက်ကြသည်။

ဆူးလေစေတီ

အလားတူ ဆူးလေစေတီတော်၌ ယနေ့နံနက်ပိုင်းမှစ၍ ကုသိုလ်ပုညဆည်းပူးကြသူများဖြင့် စည်ကားလျက်ရှိပြီး နံနက် ၁၀ နာရီတွင် ဆူးလေစေတီတော် ကျက်သရေဆောင် ခန်းမ၌ ပန်းဘဲတန်းမြို့နယ် သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ဆရာတော်

ဦးတင့်လွင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဇီဝိတဒါနအဖြစ် ငှက်များ ဘေးမဲ့လွှတ်ပေးကြသည်။

ယင်းနောက် ညနေ ၃ နာရီတွင် ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာထိန်း ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဇီဝိတဒါနငါးလွှတ်ပွဲကို စွယ်တော်မြတ်စေတီတော်အနီးရှိ မင်္ဂလာကန်တော်၌ ကျင်းပပြီး ငါးများကို ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ကြသည်။

ဗိုလ်တထောင်စေတီ

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးတွင် စေတီတော်ကြီးနှင့် အရံစေတီတော်

ဖူးမြော်ကြည်ညို

၁၃၆၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်အား ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုကြစဉ်။
(သတင်းစဉ်)

၁၃၆၇ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့က ရန်ကုန်မြို့ ဆူးလေစေတီတော်အား ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုကြစဉ်။
(သတင်းစဉ်)

ရပ်ကွက်၊ လမ်းများနှင့် ဝန်ကြီးဌာနရုံးများတွင် နှစ်သစ်မင်္ဂလာအခါတော်ပွဲများ၊ သံဃာတော်များအား ပဒေသာပင်လှူဒါန်းခြင်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲများကျင်းပခြင်း၊ ပရိတ်တရားတော်နှင့် အန္တရာယ်ကင်း ကမ္မဝါဖတ်ပွဲများကျင်းပခြင်း၊ အသက်ဂုဏ်ဝါကြီးမြင့်သူ ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းမှု ပြုစုပေးခြင်း၊ ဘုရားစေတီပုထိုး၊ ကျောင်းကန်၊ ဓမ္မာရုံတို့၌ ဒါနသီလ ဘာဝနာပွားများခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ရဟန်းရှင်လူ ပရိသတ်များအား စတုဒိသာဒါနပြုခြင်းနှင့် ကျွဲ၊ နွား၊ ကျေးငှက်နှင့် ငါးများအား ဘေးမဲ့လွှတ်ခြင်း၊ ဇီဝိတဒါနပြုခြင်း၊ ဆေးခန်း၊ ဆေးရုံ၊ သားဖွားခန်းနှင့် သွေးလှူဘဏ်များ၌ ဒါနဥပပါရမီအဖြစ် သွေးလှူဒါန်းခြင်းစသော ကုသိုလ်ကောင်းမှုပြုသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရှိရသည်။

သာသနာရေးဝန်ကြီးဌာန

ထိုသို့ ကုသိုလ်ပုညပွားများကြရာတွင် သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ ဒွါဒသမအကြိမ် (၁၂)ကြိမ်မြောက် ၁၃၆၇ ခုနှစ် နှစ်သစ်မင်္ဂလာအခါတော် အဘယဒါန၊ ဇီဝိတဒါန သက်လွှတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ကျေးငှက်များကိုလည်းကောင်း၊ မဟာသိမ်တော်ကြီးတောင်ဘက်ရှိ ဘေးမဲ့ကန်တော်ကြီး၌ ငါးများကို လည်းကောင်း အဘယဒါန၊ ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ကြသည်။

ထိုကဲ့သို့ အဘယဒါန၊ ဇီဝိတဒါနပြုလုပ်ဆောင်ရွက်နေချိန်တွင် ဝိဇယမင်္ဂလာဓမ္မသဘင် အနောက်ဘက်၌ ဖိတ်ကြားထားသော အဘိုး၊ အဘွားများအား ဝန်ထမ်းမိသားစုများက ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း လက်သည်း ညှပ်ပေးခြင်း၊ အမွှေးနံ့သာလိမ်းကျံပေးခြင်းတို့ဖြင့် ဝေယျာဝစ္စဒါနပြုကြသည်။

မဟာစည်သာသနာ့ရိပ်သာ

မဟာစည် သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့က ကြီးမှူးကျင်းပသည့် (၃၈)ကြိမ်မြောက် နှစ်သစ်ကူး ပဒေသာပင်ထူး ဆွတ်ခူးပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း အမှတ်(၁၆)ရှိ မဟာစည် သာသနာ့ရိပ်သာ၌ကျင်းပရာ ဟိတေသီအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်က အမှာစကား ပြောကြားပြီး ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် စေတီတော်ဂေါပကအဖွဲ့ဝင် အလှည့်ကျ သဘာပတိ ဦးတင်ဦးက နှစ်သစ်မင်္ဂလာ အခါတော်နေ့ အကြောင်း ဓမ္မပူဇာ မင်္ဂလာ ထောပနာစကား ပြောကြားပြီး ဝတ်အသင်းအဖွဲ့ဝင်များက မင်္ဂလသုတ်အမွှမ်းနှင့် မင်္ဂလသုတ်ပါဠိတော်တို့ကို ရွတ်ဆိုပူဇော်ကြကာ မေတ္တာပို့ အမျှပေးဝေ၍ ဆုတောင်းပတ္ထနာ မေတ္တာပို့ ကဗျာများကို ရွတ်ဆိုဆုတောင်းကြသည်။

ရွှေတိဂုံစေတီ

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့များ၊ ဝတ်အသင်းများနှင့် ဂေါပကရုံး ဝန်ထမ်းများ၏ နှစ်သစ်မင်္ဂလာအခါတော်စုပေါင်းကုသိုလ်ပုညဆည်းပူးပွဲအဖြစ် ယနေ့ညနေ ၃ နာရီတွင် စေတီတော်ရင်ပြင်တောင်ဘက်စောင်းတန်းမုခ်ဦးအနီးရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော် တန်ဆောင်း၌ ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ သီလ ခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ နာယူခြင်းတို့ကို လည်းကောင်း၊ ရွှေတိဂုံစေတီတော် သိင်္ဂုတ္တရဥယျာဉ်

ဘဒ္ဒန္တ ကေသရက ဘုရားဖူး ပြည်သူများအား ငါးပါးသီလချီးမြှင့်တော်မူပြီး ဘုရားဖူးပြည်သူများက ဆူးလေစေတီတော်နှင့် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာရည်များ၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူပူဇော်ကြသည်။

ရွှေဘုန်းပွင့်စေတီ

ထို့အတူ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၌လည်း စေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သူများ၊ သီတင်းသီလဆောက်တည်သူများဖြင့် အထူးစည်ကားလျက်ရှိရာ နံနက် ၉ နာရီတွင် စေတီတော်ဓမ္မာရုံကြီး၌ နိုင်ငံတော် ဩဝါဒါစရိယ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ရွှေဘုန်းပွင့် ရွှေဘုံသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝါယမထံမှ ဘုရားဖူးပြည်သူများက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် စေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ဇီဝိတဒါန ဘေးမဲ့လွှတ်ပွဲကို ကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ

၁၂ ဆူ၊ ဆံတော်တိုက်၊ ဂြိုဟ်တိုင်ရှိ ရုပ်ပွားတော်များအား လည်းကောင်း၊ မြနန်းကျော်ရွှေကျောင်းတော်၊ နန်းဦးတန်ဆောင်းအတွင်းရှိ နန်းဦးဘုရား၊ ဗုဒ္ဓဆင်းတုတော်များအား လည်းကောင်း၊ ပန်း၊ ရေ၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ပူဇော်ကန်တော့ကြရာ ရဟန်းရှင်လူများဖြင့် စည်ကားလျက်ရှိသည်။

အင်းစိန်မြို့နယ်

အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးဝင်းအတွင်း အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲကို မွန်းလွဲ ၂ နာရီတွင် အဆိုပါရုံး၌ ကျင်းပရာ အင်းစိန်မြို့နယ် တောင်သူကုန်း ရပ်ကွက် ဝါခင်းတောင် ဆရာတော် ဘဒ္ဒန္တ တိက္ခဉာဏအမှူးပြုသော ဆရာတော် သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

နှစ်သစ်မင်္ဂလာ အခါသမယ အဘယဒါန၊ ဇီဝိတဒါနအဖြစ် ကျေးငှက်နှင့် ငါးများ ဘေးမဲ့လွှတ်ပွဲများကို ရန်ကုန်မြို့တော်ရှိ စေတီပုထိုးများ၏ မင်္ဂလာကန်တော်များ၊ ကန်တော်ကြီး၊ အင်းလျား၊ လေးထောင့်ကန်၊ သာဓုကန်၊ လှော်ကားကန်နှင့် ဂျိုးဖြူကန် စသည်တို့တွင် အများပြည်သူတို့က ပုဂ္ဂလိကအဖြစ်လည်းကောင်း၊ မြို့နယ်နှင့် ရပ်ကွက်အလိုက် လည်းကောင်း၊ ရုံးဌာန အဖွဲ့အစည်းအလိုက် လည်းကောင်း ကျင်းပကြရာ ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာန လေးထောင့်ကန်စခန်းနှင့် လှော်ကားစခန်းတို့က ကမ္ဘာအေးကုန်းမြေ မင်္ဂလာကန်တော်ကြီး၊ ရွှေပြည်သာမြို့နယ် သာဓုကန်ဘုရားနှင့် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား၊ သွေးဆေးကန်တို့၌ ငါးအရောင်းဆိုင်များ ဖွင့်လှစ်၍ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်း၊ တီလားဗီးယား ငါးသားပေါက်များကို ကြိုတင်မှာကြားစနစ်၊ လက်ငင်းရောင်းချစနစ်တို့ဖြင့် ရောင်းချပေးလျက်ရှိသည်ကို တွေ့ရှိရသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ ယနေ့နံနက် ၇ နာရီမှစ၍ ရုံးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများနှင့် စေတနာရှင်ပြည်သူများက ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်ပေးကြပြီး မွန်းလွဲပိုင်းတွင် ဘိုးဘွားများက ငါးအကောင် ၄၀၀၀ ကျော်ကို ကမ္ဘာအေး သီရိမင်္ဂလာကုန်းမြေရှိ မင်္ဂလာကန်တော်ကြီး၌ ဇီဝိတဒါန အဖြစ် ဘေးမဲ့လွှတ်ကြကာ ညနေပိုင်း၌ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့တော်အသီးသီးရှိ ရပ်ကွက်နှင့် လမ်းများ၌ သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်နှင့် ကမ္မဝါစာများ နာကြားကြကာ နှစ်သစ်တွင် မကောင်းမှုများ ကင်းစင်၍ ကောင်းမှုမင်္ဂလာများ တိုးပွားစေရန် ကုသိုလ်ပွားများကြရာ ယနေ့ မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာ အခါသမယတွင် ရန်ကုန်မြို့တော် တစ်ဝန်းလုံး၌ ကုသိုလ်ပြုသူများ၊ ကုသိုလ်သံများဖြင့် ဝေဆာလျက်ရှိသည်ကို တွေ့မြင် ကြားသိရသည်။

(သတင်းစဉ်)

စွယ်တော်မြတ်စေတီတော်(ရန်ကုန်) သတ္တမအကြိမ် ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်သော ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ သတ္တမအကြိမ် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ယနေ့ညနေ ၄ နာရီတွင် အဆိုပါစေတီတော် အာရုံခံတန်ဆောင်း၌ ကျင်းပရာ စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ကန်ဦးဇေတဝန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြတ်လှနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘာသာရေးအသင်းအဖွဲ့များ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်ခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ ရေစက်သွန်းချ အမျှပေးဝေခြင်းများပြုလုပ်ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဇီဝိတဒါန ငါးလွှတ်

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ သာသနာ့အလံကိုင်အဖွဲ့နှင့် ဆိုင်းဘုတ်ကိုင်အဖွဲ့က ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဘာသာရေးအသင်းအဖွဲ့များသည် စေတီတော်ပတ်လမ်းရှိ သတ်မှတ်ထားသောနေရာများ၌ နေရာယူကြပြီး စွယ်တော်မြတ်စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ မင်္ဂလာကန်တော်သို့ သွားရောက်၍ ဇီဝိတဒါန ငါးများလွှတ်ကြသည်။ **(သတင်းစဉ်)**

နှစ်သစ်လွင်လွင် ခရီးနှင်မည်

ရေသဘင်ပွဲ ဆင်နွှဲခဲ့ကြပြီ၊ နှစ်ဟောင်းကုန်၍ နှစ်သစ်တစ်ခု ဆန်းခဲ့ပြီ၊ နှစ်သစ်ကူးသည့် ရေသဘင်ပွဲတော်သည် မြန်မာတို့၏ ချစ်ဖွယ်ကောင်းသော ဂုဏ်ယူဖွယ်ရာ အစဉ်အလာ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါသည်။

နှစ်ဟောင်း၏ အညစ်အကြေးများ၊ နှစ်ဟောင်းမှအပြစ်များကို ဆေးကြောပစ်ရင်း သန့်ရှင်းသောကိုယ်၊ စိတ်တို့ဖြင့် နှစ်သစ်ကိုကြိုဆို၊ နှစ်သစ်အတွက် အားပြည့်မာန်ပြည့်ဖြင့် နှုတ်ခွန်းဆက်လိုက်သော အခါသမယလည်းဖြစ်ပါသည်။ နှစ်သစ်ကို ဖွင့်လှစ်လိုက်သည့် အတာရေသဘင်ပွဲမှာကား ကျွန်တော်တို့၏ ဂုဏ်ယူဖွယ် အစဉ်အလာ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါသည်။ သင်္ကြန်တေးနှင့် သင်္ကြန်အကများကလည်း နှစ်ကူးသင်္ကြန်အကြောင်း ပြောပြနေကြသည်။

"ဖြူဖြူပြာပြာ နီနီဝါဝါ ဝေဆာမြူးလို့ပင်×× ဟောတစ်ရုံ ဟောတစ်ရုံ ပန်းမျိုးစုံလို့ပင်×× ရွှေမန်းမာလာပန်းဥယျာဉ် ရှုမငြီးအောင်ပင် x x x"

လှလိုက်သည့် စာသားလေးတွေ၊ ဆရာမြို့မငြိမ်း၏ **'ရွှေမန်းမာလာ'** သင်္ကြန်တေးသီချင်းထဲက စာသားလေးများ ဖြစ်ပါသည်။ ဖြူနီပြာဝါရောင်စုံတွေ ဖြာဝေနေပါသတဲ့၊ ရောင်စုံကွန့်မြူး အလှဂုဏ်တွေ လွန့်လူးနေတဲ့ ပန်းရုံလေးတွေ ဟောတစ်ရုံ ဟောတစ်ရုံ၊ ပန်းမျိုးတွေ စုံလင်လှပါချေတကား၊ စွဲမက်ဖွယ်ကောင်းလေစွ။ ကျွန်တော်တို့ဘဝတွေကရော ဘာထူးလို့လဲ၊ အဲဒီလို ရောင်မျိုးစုံ ခြယ်သန်းတဲ့ ပန်းရဂုံတောမှာပဲ တစ်ရုံပြီးတစ်ရုံ ငေးမောစွဲလမ်းရင်းနဲ့ပဲ ဘဝတွေကို ဖြတ်သန်းလာခဲ့ကြတာပဲ၊ **"နန္ဒီရာဂ သဟဂတာ"** တဲ့လေ၊ စွဲမက်ခြင်း တဏှာရဲ့ အမည်တစ်ခုပါပဲ။ ရောင်မျိုးစုံယှက်သန်း၍ မလွတ်တမ်းဖမ်းကိုင်တတ်တဲ့သဘော။ နန္ဒီရာဂ သဟဂတာ၊ အထူးထူးအထွေထွေ အဆန်းဆန်းအပြားပြားသော အာရုံတောမှာ မေ့မောစီးမျောခဲ့ရတဲ့ ကျွန်တော်တို့ရဲ့ အဖြစ်။ တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် ဆွဲဆောင်သိမ်းသွင်းနိုင်တဲ့ တပ်မက်စွဲလမ်းမှုတွေကြောင့် ဆက်ခဲ့ရတဲ့ဘဝတွေ ဟောတစ်ခု ဟောတစ်ခု၊ ပန်းရုံလေးတွေ ဟောတစ်ရုံ ဟောတစ်ရုံ။

နှစ်ဟောင်းသည် ကြွေလွင့်ခဲ့ပြီ၊ နှစ်သစ်တစ်ခု ထပ်ဆင့်ရောက်ရှိခဲ့ပြီ၊ ဟောတစ်နှစ် ဟောတစ်နှစ်။ မနှစ်ကပန်းရုံလေး မေးမိုတ်အိပ်စက်ရာက အတိတ်ဆီမှာ ဝေး၍ဝေး၍ ကျန်ခဲ့တော့မည်။ ဒီနှစ် ပန်းရုံအသစ်ကလေးနဲ့ ခရီးဆက်ကြပါဦးစို့ရဲ့။ ဖြူဖြူပြာပြာ သင်္ကြန်တေးလေးက ကျွန်တော်တို့ကို သံဝေဂစကားတွေလည်း ပြောပြနေသည်။

သင်္ကြန်မယ်လေးများ၏အလှကို ရောင်စုံပန်းလေးများနှင့် ခိုင်းနှိုင်းထားသည်မှာလည်း ရသမြောက်လှသည်။ ဤသီချင်းသံလေး ကြားလိုက်သည်နှင့် သင်္ကြန်မယ်လေးများ မြူးမြူးကြွကြွ ကနေဟန်လေးများကို မြင်ယောင်မိပေမည်။ သင်္ကြန်တေးနှင့် သင်္ကြန်မယ်သည် ခွဲ၍မရနိုင်ကောင်းပါလား။

သင်္ကြန်တေးဟုဆိုလိုက်သည်နှင့် ကျွန်တော်တို့ဆရာမြို့မငြိမ်းကို အမှတ်ရမိသည်။ ဩော်...သင်္ကြန်ဆိုသည်ကလည်း မြို့မငြိမ်းနှင့် ခွဲထား၍ မဖြစ်ပြန်။ သင်္ကြန်ဟော့ဟု ဆိုသည်နှင့် ဆရာ၏ သင်္ကြန်တေးသံတွေက လွင့်ပျံလွှမ်းမိုးလို့နေသည်။ ရွှေမန်းမာလာ၊ မန်းတောင်ရိပ်ခို၊ တူးပို့တူးပို့ စသည် စသည်။ တူးပို့တူးပို့ဆိုသည့် နောက်ခံဗုံသံလေးကပင် သင်္ကြန်အကလေးများ၏ ကြော့ကြော့မော့မော့ တင့်တယ်မှုကို စည်းအနား သတ်ပေးထားပေသည်။ နောက်ပိုင်း အခြားစာဆိုများ၏ တေးများကိုလည်း ကျေးဇူးတင်ရပါမည်။

ကျွန်တော်တို့သည် ကျေးဇူးတင်ထိုက်သူများကို ကျေးဇူးတင်ရပါမည်။ သင်္ကြန်တစ်ခုမှ ဆရာမြို့မငြိမ်း၏တေးတစ်စုကို နုတ်ကြည့်မိသည်။ သင်္ကြန်သည်ပင် အနေအထား တစ်မျိုးဆီသို့ ပြောင်းရွှေ့သွားသည်ဟု ခံစားလိုက်မိသည်။ တေးသီချင်းတစ်ခုတွင် အသံတွေပါသည်။

သံစဉ်တွေ အစီအစဉ်တကျ ပါနေသည်။ ထိုသံစဉ်နှင့် လိုက်လျောညီထွေဖြစ်သည့် အကလေးတွေ ငြိမ့်ငြိမ့်ညောင်းညောင်းပါသည်။ တေးသံ၏ ကြည်လင်အေးမြခြင်း၊ အကလေးများ၏ မြူးကြွလန်းဆန်းခြင်းတို့ ပါဝင်နေသည်။ နောက်ပြီး တေး၏ကူနွှေ၊ အကလေးများ၏ သိက္ခာပုံရိပ်။ တေးများမှာလည်း ကူနွှေရှိရမည်။ အကမှာလည်း သိက္ခာရှိရမည်။ ကူနွှေနှင့်သိက္ခာတို့က သာလျှင် အေးမြခြင်းကို ပေးစွမ်းနိုင်ပါ၏။ တေးသီချင်း ကူနွှေရှိလျှင် အကလေးများလည်း ကူနွှေရှိမည်။ ငြိမ့်ညောင်းသည့် သံစဉ်လေးနှင့်မှ နွဲ့နှောင်းသည့် အကလေး လိုက်ဖက်တင့်မောမည်။ ငြိမ့်ညောင်းနွဲ့နှောင်းခြင်းကသာလျှင် မနောသုခကို စွဲနစ်စေသည်။ စိတ်မနောမှာ ကြည်လင်အေးချမ်းသွားစေပါသည်။ ထို့ကြောင့် တေးသီချင်းသည် ကိုယ်အမူအရာ၊ စိတ်အမူအရာတို့ကို ယဉ်ကျေးသိမ်မွေ့ ချမ်းမြေ့ကြည်လင်စေသည်ဟု ဆိုချင်ပါသည်။ ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုကတော့ တေးရိုင်းရိုင်း၊ အကရိုင်းရိုင်း၊ အတီးရိုင်းရိုင်း၊ အပြုအမူ အပြောအဆို ရိုင်းရိုင်းများကို မကြိုက်တတ်။ ဒါက ရှေးယခင်ကတည်းက ကျွန်တော်တို့၏ စိတ်ဓာတ်နှင့်အစဉ်အလာ ဖြစ်သည်။

သီချင်းစာသားလေးများကလည်း လှပရမည်။ စကားလုံးလေးများ အနှစ်သာရရှိရမည်။ စောစောက ဟောတစ်ရုံ-ဟောတစ်ရုံဆိုသည့် စကားလုံးလေးများ၏ အနှစ်သာရကို ဖော်ပြခဲ့သလိုပါပဲ။ နက်ရှိုင်းကျယ်ပြန့်တဲ့ အဓိပ္ပာယ်တွေ ရှိနေလေ၊ တန်ဖိုးကြီးမားလေလေပါပဲ။ တန်ဖိုးရှိပြီဆိုရင်လဲ မတိမ်ကောတော့ပါဘူး။ ရင်ခွင်ပိုက်တေးလေးများအဖြစ် ထိန်းသိမ်းထားကြတော့မှာပါပဲ။ **"မြန္မာနေညိုညိုရစ်ကာသန်းတော့×× ရွှေမန်းတောင်ရိပ် တူတူခိုသူ ပျိုဖြူတွေရယ်×× ပျော်ခင်းလေးသာပါဘိတယ်×× နိမိတ်ကောင်းယူမယ်×× နှစ်ဦးသင်္ကြန်တော်ဝယ်"** ဆိုတဲ့ မန်းတောင်ရိပ်ခိုတေးဟာ သင်္ကြန်ကာလမှာသာမက အခမ်းအနားမိတ်ဆုံပွဲများ၊ ပျော်ရွှင်ပွဲများမှာပင် မြူးကြွနှုတ်ဆက်တေးအဖြစ် သီဆိုနေကြပါသည်။ မန်းတောင်ရိပ်ခို သီချင်းလေးနဲ့ နှုတ်ဆက်လိုက်ရတာ ကျွန်တော်တို့ ဘယ်လောက် ပျော်ရွှင်မြူးထူး လွတ်လပ်သွားလိုက်ကြပါသလဲ။

သင်္ကြန်တေး သံစဉ်လေးများနှင့် သင်္ကြန်အကလေးများက သင်္ကြန်၏ သရုပ်ကို ပျက်မသွားအောင် ထိန်းပေးထားသည်။ သင်္ကြန်တေးမှ တရားဓမ္မ

တက္ကသိုလ်လှမောင်

များကလည်း နှစ်သစ်ကူးချိန် ကုသိုလ်ကောင်းမှု အထွေထွေကို ပြုလုပ်ကြရန် လှုံ့ဆော်အားပေးနေလေသည်။ အဆိုကို သရုပ်ပျက်မသွားစေရ၊ အကကို စည်းလွတ်မသွားစေရ၊ သံစဉ်က အပြေးအလွှား အမောတကော သံစဉ်မျိုးလည်း မဟုတ်၊ လေးဖင့်နှေးကွေးစွာ ဆွဲငင်နေရခြင်းမျိုးလည်းမရှိ၊ မြူးကြွသော်လည်း စည်းမလွတ်၊ ထိုတေးနှင့် ထိုအကက ရေသဘင်၏သရုပ်ကို ဖော်ပြနေသည်။ ကြမ်းကြမ်းတမ်းတမ်း၊ ရိုင်းရိုင်းစိုင်းစိုင်း မပက်လောင်းကြပါနှင့်ဟု ပြောနေသယောင်။ ပျင်းရိငြီးငွေ့ဖွယ်ရာလည်း မဖြစ်စေရ။ မြူးကြွရမည်၊ ပျော်ရွှင်ရမည်၊ ယဉ်ကျေးရမည်၊ အိန္ဒြေရှိရမည်၊ သိက္ခာရှိရမည်။ သို့မှသာလျှင် ကျွန်တော်တို့၏ ရိုးရာယဉ်ကျေးမှု မှတ်တိုင်တစ်ခု ခိုင်ခိုင်မာမာ စိုက်ထူနိုင်မည်။ မြန်မာလူမျိုး တည်နေသရွေ့ ထိုယဉ်ကျေးမှု တည်နေပေမည်။

ယဉ်ကျေးမှုတစ်ရပ် ခိုင်မာစွာ တည်တံ့ရပ်တည်နေနိုင်ဖို့ အခြေခံအကြောင်းတရားတွေ ရှိနေပါသည်။ ပထမဦးစွာ ထိုယဉ်ကျေးမှုကိုယ်တိုင် တန်ဖိုးဂုဏ်ဒြပ်အနှစ်သာရတို့နှင့် ပြည့်ဝနေရမည်။ ဒုတိယ မိမိတို့ကိုယ်တိုင်က အလေးအနက် တန်ဖိုးထား တလေးတစား မြတ်နိုးနှစ်သက်နေရမည်။ တတိယအနေဖြင့် အခြားတစ်ပါးက ထိုးဖောက်စိမ့်ဝင် ဖိအားပေး အင်အားသုံးချေမှုန်း၊ ပူးသတ်၊ ပေါင်းသတ်၊ သိမ်းသွင်း၊ ကောလာဟလလွှင့်ထုတ် အစရှိသည့် ပြည်တွင်းပြည်ပ အနှောင့်အယှက်မှန်သမျှကို ဝိုင်းဝန်းဆန့်ကျင် တားဆီးနိုင်ရမည်။

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများသည် ပင်ကိုကပင် ဂုဏ်ဒြပ်အနှစ်သာရရှိပြီးသား ဖြစ်ပါသည်။ ထိုဂုဏ်ရောင်ကို သွေးလျှင် သွေးသလောက် ထွန်းလင်းတောက်ပလာမည် ဖြစ်သည်။ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်တိုင် အလေးထား မြတ်နိုးရန်အတွက် ကျွန်တော်တို့သည် ယဉ်ကျေးမှုတန်ဖိုးကို အမြဲတမ်း သိရှိနားလည် တန်ဖိုးထားတတ်အောင် လက်ဆင့်ကမ်း ကြိုးစားဖော်ဆောင်နေရမည် ဖြစ်ပါသည်။ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်တိုင်အထင်သေးနေပါက တစ်ပါးသောအနှောင့်အယှက်များ အလွယ်တကူ ဝင်ရောက်လာပေတော့မည်။ အန္တရာယ်အကြီးမားဆုံးကတော့ တတိယအချက်ဖြစ်သည့် တစ်ပါးသောအနှောင့်အယှက်များ စိမ့်ဝင်ပျံ့နှံ့ထိုးဖောက်လာခြင်းဖြစ်ပါသည်။ ထို့ကြောင့် ထိုအန္တရာယ်များကို ကာကွယ်သွားရန်အတွက်-

- **တစ်ပါးသော သရုပ်ပျက်ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်မှုကို တားနိုင်ရမည်၊**
- **မိမိယဉ်ကျေးမှု အစဉ်အလာများကို အထင်သေးမှုမရှိအောင် မျိုးချစ်စိတ်ဓာတ် မွေးမြူထိန်းသိမ်းရမည်၊**
- **ပြည်တွင်းပြည်ပ အနှောင့်အယှက် ပယောဂများကို ဆန့်ကျင်တားဆီး ဖယ်ရှားသွားနိုင်ရမည်၊**
- **တစ်ပါးသောသူများကို အထင်ကြီးလွန်းမှု၊ အထင်သေးလွန်းမှု ကင်းဝေးရမည်၊**
- **တစ်ပါးသူကို အားမကိုးဘဲ မိမိကိုယ်သာမိမိ အားကိုးရမည်၊**
- **မိမိယဉ်ကျေးမှု အစဉ်အလာကို မိမိကမှ တန်ဖိုးမထားလျှင် တစ်ပါးသောသူက တန်ဖိုးထားမည်ဆိုသည်မှာ မည်သို့ဖြစ်နိုင်ပါအံ့နည်း၊**
- **မိမိတိုင်းပြည်ကို မိမိထက် တစ်ပါးသောသူက ပိုချစ်သည်ဆိုသည်မှာ ဖြစ်နိုင်ပါအံ့လော၊**
- **ကိုယ့်သားသမီးကို ကိုယ်ကချစ်ရမည်၊ ကိုယ်ကပြုစုပျိုးထောင်ခြင်းသာ စိတ်အချရဆုံး မဟုတ်ပါလော။**

ကမ္ဘာပေါ်တွင် လူမျိုးအသီးသီးရှိကြသည့်အလျောက် လက်ခံမွေးမြူ ပြုစုထားကြသည့် ယဉ်ကျေးမှုလည်း အထူးထူးအပြားပြား ရှိနေကြမည်သာပင် ဖြစ်သည်။ ရေမြေသဘာဝ၊ရာသီဥတု၊သမိုင်းအစဉ်အလာ၊တွေးခေါ်မြော်မြင်မှုတို့ မတူနိုင်ကြသည့်အလျောက် ယဉ်ကျေးမှုကိုလည်း တစ်ခုတည်း တစ်ပုံစံတည်း၊ တစ်မျိုးတည်း၊ သွန်းလုပ်ထုဆစ်၍ မရနိုင်။ Globalization ခေတ်တွင် ကျွန်တော်တို့ သတိထားရမည့်အချက် ဖြစ်နေပါသည်။ သူ့နိုင်ငံ သူ့လူမျိုး၏ အကျင့်ဓလေ့စရိုက်များကို အတင်းတူရမည်ဆိုပြီး ပုံသွန်းလောင်းချင်၍မရနိုင်ပါ။ ကိုယ့်လူမျိုး ကိုယ့်အသိုင်းအဝိုင်းနှင့်ကိုယ်၊ ကိုယ့်အဖွဲ့အစည်း ကိုယ့်ယဉ်ကျေးမှုနှင့် ကိုယ်သာ ရှိနေပါလိမ့်မည်။

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများသည် ပင်ကိုကပင် ဂုဏ်ဒြပ်အနှစ်သာရ ရှိပြီးသားဖြစ်ပါသည်။ ထိုဂုဏ်ရောင်ကို သွေးလျှင်သွေးသလောက် ထွန်းလင်း တောက်ပလာမည်ဖြစ်သည်။ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်တိုင်အလေးထား မြတ်နိုးရန် အတွက် ကျွန်တော်တို့သည် ယဉ်ကျေးမှုတန်ဖိုးကို အမြဲတမ်းသိရှိနားလည်တန်ဖိုး ထားတတ်အောင် လက်ဆင့်ကမ်းကြိုးစားဖော်ဆောင်နေရမည် ဖြစ်ပါသည်။

အမေကျော် ဒွေးတော်လွမ်းသည့် စိတ်များရှိနေလျှင်လည်း ကိုယ့်ယဉ်ကျေးမှု ပျောက်တတ်သည်။ ပြည်ပအားကိုး စိတ်တွေများနေလျှင်လည်း သူ့အထင်ကြီး၊ ကိုယ့်အထင်သေးစိတ်တွေ ဖြစ်ပေါ်တော့မည်။အင်အားကြီးသူ၏ အတင်းအကျပ် ဖိအားပေးလုပ်ဆောင်မှု ခံနေရလျှင်လည်း သတိတရား လက်ကိုင်ထား၍ တွန်းလှန်သွားရမည်။ မသိမသာ သိမ်မွေ့သောနည်းတို့ဖြင့် စိမ့်ဝင်ပျံ့နှံ့ လွှမ်းမိုးခြင်းခံရမှုမျိုးကတော့ ကြောက်စရာ အကောင်းဆုံးပင် ဖြစ်သည်။

နှစ်သစ်သို့ ကူးပြောင်းရောက်ရှိလာချိန် နှစ်သစ်လွင်လွင် ခရီးနှင်ကြတော့မည်ဆိုလျှင် အတိတ်က အပြစ်အနာအဆာများကို သင်္ကြန်ရေဖြင့် ဆေးကြောပစ်ခဲ့ပြီး သင်ခန်းစာယူရမည့် အတိတ်ဖြစ်ရပ်များကို သင်ခန်းစာယူကာ အစဉ်အလာကောင်းတွေကို ပီပီပြင်ပြင် ထိန်းသိမ်းရင်း နှစ်သစ်ခရီးဆက်ကြပါစို့ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

MRTV-4

ရုပ်မြင်သံကြားအစီအစဉ်

၁၈-၄-၂၀၀၅
(တနင်္လာနေ့)

၇း၀၀	အဖွင့် ယနေ့အစီအစဉ်	၉း၁၀	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ
၇း၀၅	တေးဂီတအစီအစဉ်	၉း၅၀	တေးဂီတအစီအစဉ်
၇း၁၀	သစ်သီးဝလံ ပေါပြည့်ဝေဆာဥယျာဉ်ခြံမှာ	၉း၅၅	ယဉ်ကျေးမှုတက္ကသိုလ်
		၁၀း၀၅	ပြည်တွင်းသတင်း
		၁၀း၁၀	မိုးလေဝသခန့်မှန်းချက်
၇း၂၀	နိုင်ငံတကာသတင်း	၁၀း၁၅	အောင်မြေရွှေဘိုမြို့(အပိုင်း-၂)
၇း၂၅	ဂီတဆည်းဆာ	၁၀း၂၀	ခံစားကျွန တေးရသ (အမေ့ရုပ်ရည်)
၈း၀၅	တေးဂီတအစီအစဉ်		
၈း၁၀	သတိပြုကာကွယ် ငှက်ဖျားအန္တရာယ်	၁၀း၄၅	နိုင်ငံတကာသတင်း
		၁၀း၅၀	တေးဂီတအစီအစဉ်
၈း၂၀	ပြည်တွင်းသတင်း	၁၀း၅၅	ဖုန်ခါတံပြုလုပ်နည်းအဆင့်ဆင့်
၈း၂၅	ဆောင်းနံနက်ခင်းတစ်ခု၏ လျှို့ဝှက်သောနှင်း	၁၁း၀၀	အပိတ်
၈း၅၅	တေးဂီတအစီအစဉ်		
၉း၀၀	သံချည်သံကွေးအတတ်ပညာ		
၉း၀၅	တေးဂီတအစီအစဉ်		

အထက်ပါလေးနာရီစာအစီအစဉ်များကို ညဉ့်၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန်နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရ အေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာနှစ်ဆန်း နှစ်သစ်မင်္ဂလာအခါသမယ ဘုရား၊ ကျောင်းကန်များ၌ ကောင်းမှုပြုသူများ စည်ကား

၁၃၆၇ ခုနှစ် မြန်မာ နှစ်ဆန်းတစ်ရက်နေ့က ဗဟန်းမြို့နယ် မဟာဗေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီးတွင် ကုသိုလ်ကောင်းမှုပြုသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် ဤသို့ စည်ကားလျက်ရှိသည်။
ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

၁၃၆၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့က သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဒဂုံသီရိမဟာ ဘေးမဲ့ကန်တော်ကြီးတွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အဘိုး၊ အဘွားများက ငါးများကို ဤသို့ ဘေးမဲ့လွှတ်ပေးကြသည်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

၁၃၆၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်တွင် ကုသိုလ်ကောင်းမှုပြုသူများဖြင့် ဤသို့ အထူးစည်ကားလျက်ရှိသည်။
ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

၁၃၆၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့က သီရိမင်္ဂလာကမ္ဘာအေး စေတီတော် ဒဂုံသီရိမဟာ ဘေးမဲ့ကန်တော်ကြီးတွင် ဘုရားဖူးလာပြည်သူများ ငါးများ ဘေးမဲ့လွှတ်၍ ဤသို့ ကုသိုလ်ယူကြသည်။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

၁၃၆၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့က နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား လက်သည်း၊ ခြေသည်း ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်းဖြင့် ဝေယျာဝစ္စဒါနကို ဤသို့ ကုသိုလ်ယူကြသည်။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု မိုင်းပျင်းမြို့၌ မြို့ပြကျောက်ချောလမ်းဖွင့်

မိုင်းပျင်း ဧပြီ ၂

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိုင်းပျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၃ဒသမ ၃၆သိန်းဖြင့် ဆောင်ရွက်ခဲ့သော အရှည်ပေ၁၄၀၀၊ အကျယ် ၁၂ပေရှိ စိန်ခြယ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၈နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင်မိုင်းပျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးက လမ်းသစ်ဖွင့်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌဦးသိန်းဝင်းနှင့် အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

ကျောက်ကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မုန်းမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၀ရက်က အဆိုပါ လမ်းမုခ်ဦးရှေ့တွင် ကျင်းပရာ တပ်နယ်မှူး၊ မြို့နယ်အတွင်းရေးမှူး ဦးမျိုးကျော်နှင့် အမှုဆောင်အရာရှိ ဦးကိုကိုလေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ပန်းတနော်မြို့နယ်တွင် နွေစပါးစံကွက်ရိတ်သိမ်း

ပန်းတနော် ဧပြီ ၁၀

ပန်းတနော်မြို့နယ်ကညင်ငူကျေးရွာအုပ်စု၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ဧပြီ ၆ ရက်နံနက် ၇ နာရီကကွင်းအမှတ်(၅၁၁)လယ်သမားကြီး ဦးစောထွန်း၏ နွေစပါး ၁၅ ဧကတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်ရေးကော်မတီဝင်များ၊ ကညင်ကျေးရွာအုပ်စုနှင့် ဆပ်သေကျေးရွာအုပ်စုတို့မှ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ဒေသခံတောင်သူဦးကြီးများ တက်ရောက်ကြသည်။**(ယာပုံ)**

နွေစပါး စံကွက်ရိတ်သိမ်းရာတွင် မနောသုခ (မျိုးသန့်) တစ်ဧက ၁၅၄ တင်းနှုန်းထွက်ရှိသည်ဟု သိရသည်။

ထို့နောက်မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်နှင့် အဖွဲ့ဝင်များသည် ကညင်ငူကျေးရွာအုပ်စုနှင့် ဆပ်သေကျေးရွာအုပ်စုတို့တွင် စပါးတစ်မိုးနှစ်သီးနှင့် မိုးကြို ဂုန်လျှော်စိုက်ပျိုးမည့် တောင်သူလယ်သမား ၂၅၄ဦးတို့အား တွေ့ဆုံပြီး စိုက်ပျိုးရေးအခြေအနေများကိုဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၃၂၇)**

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲ အခမ်းအနားကို မတ်၂၆ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့် ခရိုင်ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

တပ်မတော်နေ့ဂုဏ်ပြု တာလေမြို့၌ ကျောက်ချောလမ်းသစ်ဖွင့်

တာလေ ဧပြီ ၄

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တာလေမြို့ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မြတ်လေးလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကံညွန့်က အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးနှင့် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မြတ်လေးကျောက်ချောလမ်းသစ်သည် အရှည်ပေ ၆၂၀၊ အကျယ် ၁၂ ပေရှိပြီး တာလေမြို့တွင် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုငွေကျပ် ၁၅ ဒသမ ၅ သိန်းဖြင့်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

တာချီလိတ်မြို့ စံပြကျေးရွာသွားလမ်းကျောက်ချောခင်း

တာချီလိတ် ဧပြီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့်အဖွဲ့သည် တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် အဒီးစံပြကျေးရွာသွားလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို မတ်၃ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးမြင့်လွင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးစိုးဦးနှင့် လက်ထောက်အင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။**(အောက်ပုံ)** **(မြို့နယ် စည်ပင်)**

သုံးခွမြို့နယ်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်၊ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

သုံးခွ ဧပြီ ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရှမ်းစုကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၁၀ရက်နံနက် ၉နာရီက ယင်းအဆောက်အအုံရှေ့တွင် ကျင်းပရာ သုံးခွမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ကျေးရွာဆေးခန်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံမှာ ကျေးရွာရှိ အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ငွေကျပ်၂၅သိန်းခန့်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၁၃၇)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

အမရပူရ၌နွေစပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုး

အမရပူရ ဧပြီ ၅

မန္တလေးတိုင်း အမရပူရမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဖေယျသည် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးမြင့်၊ ဒုတိယမန်နေဂျာ ဒေါ်နုနုနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၂ ရက် နံနက် ၈ နာရီက အမရပူရမြို့နယ် ကမ္ဘဲ့ကျေးရွာအုပ်စုတောင်သူဦးမောင်မောင်သွင်၏ကွင်းအမှတ်(၆၂၅/က)၊ ဦးပိုင်အမှတ်(၁၅၄)တွင် ရေကြည်ပေါက် လျှပ်စစ်မြစ်ရေတင်ဖြင့်ရွှေသွယ်ရင်နွေစပါး တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးမြင့်က တစ်ဧက မျိုးစေ့နှုန်းထား တစ်တင်းခွဲကို နှစ်နာရီခန့် ကြာမြင့်သဖြင့် ပုံမှန်ပျိုးထောင်စိုက်ပျိုးခြင်းထက် စိုက်ပျိုးစရိတ် သက်သာသည့်အပြင် ငွေကုန်၊ လူပန်းသက်သာကြောင်း ရှင်းလင်း တင်ပြရာ မြို့နယ်ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယခုနှစ်တွင် ရေကြည်ပေါက် လျှပ်စစ်မြစ်ရေတင်ဖြင့် ရေကြည်ပေါက်ကျေးရွာအုပ်စုနှင့် ကမ္ဘဲ့ကျေးရွာအုပ်စုတို့တွင် ဧက ၃၅၀ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၂၀၉)**

ကျေးလက်ရေပေးဝေရေး စိမ့်စမ်းရေသွယ်

မိုးကောင်း ဧပြီ ၉

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးကောင်းမြို့နယ် ပွင့်ဖြူကျေးရွာ ကျေးလက်ရေပေးဝေရေးလုပ်ငန်းဖွင့်ပွဲကို မတ် ၂၂ ရက်က ရေလှောင်ကန်အနီး မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် အမှုဆောင်အရာရှိဦးအေးမြင့်တို့က ရေပေးဝေရေးလုပ်ငန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပွင့်ဖြူကျေးရွာကျေးလက်ရေပေးဝေရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ်၁၀သိန်း၊ ကျေးရွာပြည်သူများက ထည့်ဝင်လှူဒါန်းငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း၂၀ဖြင့် အကုန်အကျခံကာ စိမ့်စမ်းရေသွယ်စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၄၁၆)**

အားကစားဝန်ကြီးဌာနစုပေါင်းရဟန်းခံရှင်ပြု ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၇

အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီးဒေါ်အေးအေးတို့အား အမှူးထား၍ အားကစားဝန်ကြီးဌာန၏ စုပေါင်းရဟန်းခံ ရှင်ပြုအလှူတော်မင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း ဒက္ခိဏာရုံကျောင်းတိုက်ရှိ ဥတ္တရတင်ကြည်မွှေရုံ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီးဒေါ်အေးအေးတို့တက်ရောက်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

သိမ်တက်ခြင်းနှင့်သိမ်ဆင်းလောင်းလှူခြင်း အခမ်းအနားများကျင်းပပြီး နမောတဿသုံးကြိမ်ရွတ်ဆို အခမ်းအနားဖွင့်လှစ်ကာ ဒက္ခိဏာရုံကျောင်းတိုက် ဆရာတော်ဦးဥတ္တမထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး ဝန်ကြီး၊ ဇနီးနှင့် တာဝန်ရှိသူတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် ဆရာတော်သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့အပြင် အားကစားဝန်ကြီးဌာန၏ ပဉ္စမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ပင် ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်ဇနီးဒေါ်အေးအေးတို့တက်ရောက်၍ အဘိုးအဘွားများအား ဂါရဝပြုချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ဂါရဝပြုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကန်တော့ခံဘိုးဘွားများအား ကန်တော့ကြကာ ဝန်ကြီး၊ ဇနီးနှင့်တာဝန်ရှိသူတို့က အဘိုးအဘွားများအား ဂါရဝပြုချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကန်တော့ခံဘိုးဘွားများကိုယ်စား အဘိုး ဒုတိယဗိုလ်မှူးကြီးခင်မောင်သောင်း(ငြိမ်း)က ဆုပေးစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်၌ မန်ချက်စတာယူနိုက်တက်အသင်းမှတိုက်စစ်မှူး ရွန်နီ၏ ထိုးဖောက်ကစားမှုကို နယူးကာဆယ်အသင်းမှ ဒန်နီဖရေးက ဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အက်ဖ်အေဖလားဒုတိယအကြိုဗိုလ်လုပွဲစဉ်ယှဉ်ပြိုင် မန်ယူကနယူးကာဆယ်ကိုနိုင်ပြီးဗိုလ်လုပွဲတက်

ရန်ကုန် ဧပြီ ၁၇

အင်္ဂလိပ်အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ည၇နာရီခွဲက နယူးကာဆယ်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မန်ချက်စတာယူနိုက်တက်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ မန်ချက်စတာယူနိုက်တက်အသင်းက ဗိုလ်လုပွဲ တက်ရောက်နိုင်ရေးအတွက် ခြေကုန်ထုတ်ကစားရာ ပွဲစပြီး ၁၉မိနစ်အကြာတွင် တိုက်စစ်မှူး နစ္စတယ်ရွိုင်းက ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ မန်ချက်စတာယူနိုက် တက်အသင်းအတွက် ဒုတိယဂိုးကို အလယ်တန်းလူ ပေါလ်စခိုးက ပွဲချိန်၄၅မိနစ်တွင် သွင်းယူပေးရာ ပထမပိုင်းအပြီး၌ နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

မန်ချက်စတာယူနိုက်တက်အသင်း၏ ဂိုးသွင်းခြေပျောက်နေသော တိုက်စစ်မှူး နစ္စတယ်ရွိုင်းက ၅၈မိနစ်တွင် တတိယဂိုးသွင်းယူခဲ့ရာ ဗိုလ်လုပွဲတက်ရောက်ရေးအတွက် သေချာသလောက်ဖြစ်သွားသည်။နယူးကာဆယ်အသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို ၅၉မိနစ်တွင် အမီယိုဘီက သွင်းယူပေးသည်။ မန်ချက်စတာယူနိုက်တက်အသင်းအတွက် စတုတ္ထဂိုးကို ခရစ္စတီယာနိုရိုနယ်ဒိုက ၇၆မိနစ်တွင် သွင်းယူပေးသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဘလက်ဘန်းအသင်းကိုအနိုင်ရခဲ့သော အာဆင်နယ်အသင်းနှင့် မေ ၂၁ရက်၌ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

မန်ယူအသင်း

ဗိုလ်လုပွဲ တက်ရောက်သွားသော မန်ချက်စတာယူနိုက်တက်အသင်းတွင် တင်မ်ဟောင်းဝပ်**(ဂိုး)**၊ ဂယ်ရီနဗီးလ်၊ ဝက်စ်ဘရောင်း၊ ဖာဒီနန်၊ ဟိန့်ဇ်၊ ရိုနယ်ဒို(အလန်စမစ်)၊ရွိုင်ကိန်း၊ ပေါလ်စခိုး (ဖလက်ချာ)၊ ဖော်ကျွန်း၊ ရွန်နီ (ရိုင်ဂစ်)နှင့် နစ္စတယ်ရွိုင်းတို့ပါဝင်ကစားသွားကြသည်။

(မြန်မာ့အလင်း)

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့နှင့်လှုပ်ရှားမှုရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက်ကအလုံမြို့နယ် ခန်းမတွင်ကျင်းပရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းက ၂၀၀၄ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးတွင် ထူးချွန်စွာပါဝင် ကူညီသူ ဦးတင်မောင်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲများယှဉ်ပြိုင်ကစား ဘော်လတန်နှင့်အက်စ်တန်ဗီလာတို့နိုင်ပွဲများရရှိ

လန်ဒန် ဧပြီ ၁၇

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၃)ကို စနေနေ့က ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘော်လတန်အသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ အနိုင်ရရှိကြသည်။

ချာလ်တန်အသင်းနှင့်ဘော်လတန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဘော်လတန်က ချာလ်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး တန်းစီဇယားဆဋ္ဌမနေရာမှ ပဥ္စမနေရာသို့ ရောက်ရှိလာသည်။

ချာလ်တန်နှင့် ဘော်လတန်တို့သည် ပွဲစသည်နှင့် တစ်ဖက်နှင့်တစ်ဖက် ဂိုးရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပွဲချိန်ခြောက်မိနစ်တွင် ချာလ်တန်ကစားသမား ရှရီဒါဘွန် ဂိုးဧရိယာအတွင်း လက်ထိမှုကြောင့် ဘော်လတန်ကို ပယ်နယ်တီဘော ကန်ခွင့်ပေးလိုက်ရသည်။ ယင်းပယ်နယ်တီဘောလုံးကို ဂျေဂျေအိုကိုချာက သွင်းယူခဲ့သည်။

ချာလ်တန် အသင်းသည် ချေပဂိုး သွင်းယူနိုင်ရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင် ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၂၉မိနစ်တွင် ဖရန့်စစ်ဂျက်ဖားစ်က သွင်းယူခဲ့သည်။

ယင်းဂိုးမှာ ဒိုင်လူကြီး ဝီလီက

ခရစ္စတယ်ပဲလေ့စ်နှင့်နော့ဝှစ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် နော့ဝှစ်မှ ဒီးန်အက်စတန်သွင်းယူလိုက်ရာ ဤသို့ ဂိုးဝင်သွားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ဘော်လတန် ဂိုးဧရိယာအပြင်ဘက်တွင် ဂျာစကီလိန်းနင် လက်ထိသောအတွက် ချာလ်တန်ကို လက်ထိဘောကန်ခွင့်ပေးခဲ့ရသည်။ ယင်းလက်ထိဘောကို ဒန်နီမာဖီက ဂိုးထဲသို့ ကန်သွင်းရာ ဘော်လတန် နောက်တန်းလူများနှင့်ထိပြီး ပြန်ထွက်လာရာ ဂျက်ဖားစ်က ညာခြေဖြင့် ခုန်ကန်လိုက်ရာမှ ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်း ပြန်လည်ကစားကြရာ ပွဲချိန်၅၄မိနစ်တွင် ဘော်လတန် မန်နေဂျာ အော်လက်ဒီစီက ဒေးဗီးစ်အစား ဒေါ့ဖ်ကို ထည့်ကစားခဲ့သည်။ လူစားဝင်လာသူ ဒေါ့ဖ်သည် ကွင်းထဲသို့ ရောက်သည်နှင့် အလွန်သွက်လက်သော ကစားကွက်များဖြင့် ခြေစွမ်းပြကစားရာ ပွဲချိန် ၅၈မိနစ်တွင် ၎င်းက ဘော်လတန်အသင်းအတွက် အနိုင်ဂိုးကိုချာလ်တန်ဂိုးသမားကယ်လီ၏ အပေါ်မှ ခေါင်းတိုက်ကျော်သွင်းလိုက်၍ ဘော်လတန်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ပရီမီယာလိဂ်အောက်ဆုံးနှစ်သင်းဖြစ်သည့် ခရစ္စတယ်ပဲလေ့စ်နှင့်နော့ဝှစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သူနိုင်ကိုယ်နိုင် သုံးဂိုးစီ သွင်းခဲ့ကြ၍ တစ်မှတ်စီသာ ခွဲဝေယူနိုင်ခဲ့ကြသည်။

အောက်တန်းနှစ်သင်းဖြစ်သည့်အား လျော်စွာ ခြေစွမ်းချင်းမှာလည်း ကွာခြားမှုနည်း၍ သရေပွဲ ဖြစ်ခဲ့ရခြင်းဖြစ်သည်။

သရေလိုက်ကစား

ဖူလ်ဟမ်အသင်းနှင့် မန်စီးတီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ဖူလ်ဟမ်အသင်းက မန်စီးတီးအသင်းကို တစ်ဖက်တစ်ဂိုးစီ သရေလိုက်ကစားနိုင်ခဲ့သည်။

နှစ်ဖက်သောအသင်းသည် ဂိုးရရှိရေးအတွက် အတိုင်အဖောက်အပေးအယူအကွက်စေ့စေ့ကစားခဲ့ရာ မိနစ် ၂၀တွင် မန်စီးတီးအသင်းအတွက် ကလော်ဒီယိုရေနာက ဖွေဆော်ဦးဂိုး စတင်သွင်းယူလိုက်သည်။

ချေပဂိုး

ဖူလ်ဟမ်တို့ ပထမပိုင်းတွင် တစ်ဂိုးအသွင်းခံထားရသဖြင့် ချေပဂိုးရရှိရေးအတွက်အကွက်ဆင်ထိုးဖောက်ကစားရာ ၇၆မိနစ်တွင် လူးဝစ်ဘိုအာမော်တီက ဖူလ်ဟမ်အသင်းအတွက် ချေပဂိုးသွင်းပေးခဲ့သည်။

အပြန်အလှန်သွင်း

လီဗာပူးအသင်းနှင့်တော့တင်ဟမ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာတွင် အပြန်အလှန် နှစ်ဂိုးစီသွင်းယူခဲ့၍ သရေပွဲဖြစ်သွားသည်။

တော့တင်ဟမ် အသင်းအတွက် အဲရစ်အက်မန်နှင့်ရော်ဘီကိန်းတို့က ဖွေဆော်ဦးဂိုးများသွင်းပေးခဲ့ကြသော်လည်း လီဗာပူးမှ လူးဝစ်ဂါစီယာနှင့် ဆာမီဟာစ်ပီယာတို့က လိုက်လံချေပဂိုးများ သွင်းယူနိုင်ခဲ့၍ သရေကျခဲ့ခြင်းဖြစ်သည်။

ဆောက်သမ်တန်အသင်းနှင့်အက်စ်တန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် အက်စ်တန်ဗီလာအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ခဲ့သည်။

အက်စ်တန်ဗီလာ တိုက်စစ်မှူးဟောင်း ဆောက်သမ်တန်တိုက်စစ်မှူး ပီတာခရော့ချ်က ပွဲချိန် ၁၃ မိနစ်တွင် ဆောက်သမ်တန် အသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းပေးခဲ့သည်။ စောစောပိုင်းတွင် ကီဗင်ဖီးလစ်က ဆောက်သမ်တန် အသင်းအတွက် ဖွေဆော်ဦး ဂိုးသွင်းပေးထားခဲ့၍ ဆောက်သမ်တန်တို့ ၁၃ မိနစ်အတွင်း နှစ်ဂိုး အသာဖြင့် အက်စ်တန်ဗီလာအသင်းကို ဦးဆောင် ကစားခဲ့သည်။

ချာလ်တန်အသင်းနှင့်ဘော်လတန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဘော်လတန်အသင်းခေါင်းဆောင် အိုကိုချာ (ယာ)**က ဘောလုံးကို လှည့်ယူရန်ကြိုးစားရာ ချာလ်တန် ကစားသမားကွန်ချက်စကီးက ဟန့်တားထားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

အက်စ်တန်ဗီလာနိုင်

ဒုတိယပိုင်း ပြန်စသည်နှင့်အက်စ်တန်ဗီလာအသင်းသည် ချေပဂိုးများသွင်းနိုင်ရေးအတွက် စနစ်တကျအကွက်ဆင်ကစားခဲ့ရာ ၅၅မိနစ်တွင် လူစားဝင်လာသူ ကာလ်တန်ကိုးလ်ကသူ၏ ပထမဆုံးသော ဂိုးကို သွင်းယူသည်။ မိနစ် ၇၀တွင် မာတင်လော်ဆင်အစားဝင်ကစားသည့် ဆိုလာနိုက ဒုတိယချေပဂိုး သွင်းယူ၍ တစ်ဖက် နှစ်ဂိုးစီ သရေဖြစ်သွားသည်။

အက်စ်တန်ဗီလာအသင်းအတွက် အနိုင်ဂိုးကို မြောက်အိုင်ယာလန်ကွင်းလယ် ကစားသမား စတီဗင်ဒေးဗစ်က သွင်းပေးလိုက်၍ အက်စ်တန်ဗီလာတို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဘာမင်ဂမ်ဂိုးမရှိ

ဘာမင်ဂမ်အသင်းနှင့် ပို့စ်မောက်အသင်းတို့ယှဉ်ပြိုင်ကစားကြရာတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်သွားသည်။

ဘာမင်ဂမ်အသင်းသည် နိုင်ပွဲမရသော်လည်း ရှုံးပွဲမရှိစံချိန်ကို လေးပွဲဆက်တိုက် ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ပို့စ်မောက်အသင်းသည် ပြီးခဲ့သောအပတ်က ချာလ်တန်ကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့၍ ယုံကြည်မှုများရရှိကာ ဂိုးရရှိရေး တိုက်စစ်ဆင်ကစားသော်လည်း ဂိုးမရဘဲဖြစ်ခဲ့ရသည်။ **(အင်တာနက်)**

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်း စတုတ္ထအကြိမ်မြောက် မျက်နှာသစ်တော်ရေဆက်ကပ်လှူဒါန်းသည့် မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၇

မင်းဓမ္မကုန်းတော်၌ ကိန်းဝပ်စံပယ်တော်မူသည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် စတုတ္ထအကြိမ်မြောက် မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းသည့် မင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၆၇ခုနှစ် ယနေ့ မြန်မာနှစ်ဆန်းတစ်ရက် နံနက်ပိုင်းများတွင် အဆိုပါ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်၌ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ဘုရားကြီးအလှူရှင် ဦးတော်တော်၏သား သီဟသုဓမ္မ မဏိဇောတဓရ ဦးအောင်ဇေယျ၊ မြဝတီစာပေတိုက် ဝတ်အသင်း၊ ကြို့ကုန်းအရှေ့ ဓမ္မမာလာဝတ်အသင်းနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ မင်းဓမ္မကုန်းတော် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို နံနက် ၅ နာရီတွင်ကျင်းပရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား စတုတ္ထအကြိမ်မြောက် မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းသည့် မင်္ဂလာအခမ်းအနားကို နံနက် ၆ နာရီတွင် ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် အဖွဲ့ဝင်များက ယွန်းသပိတ်တော်ကြီးဖြင့် ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရုပ်ပွားတော်မြတ်ကြီးအား မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းရန်အတွက် ရုပ်ပွားတော် မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ပြီး သတ်မှတ်နေရာတွင် နေရာယူကြသည်။

မျက်နှာသစ်တော်ရေဆက်ကပ်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက ရုပ်ပွားတော် မြတ်ကြီးအား မင်္ဂလာအောင်အိုးတော်ဖြင့် ဦးချကန်တော့၍ မျက်နှာသစ်တော်ရေကို ဆက်ကပ်လှူဒါန်းသည်။ ထိုအချိန်တွင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရှိန်အောင်ဗိုလ်က အနန္တသုခ ရတနာဒီပံဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

ယင်းနောက် ရုပ်ပွားတော် မြတ်ကြီး၏ သွားတော်မြတ်အား တံပူဖြင့် သန့်ရှင်းပူဇော်ခြင်း၊ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ခြင်းနှင့် ယပ်တော်ခတ်ပူဇော်ခြင်း မင်္ဂလာတို့ကို ဆောင်ရွက်ပြီး စတုတ္ထအကြိမ်မြောက် မျက်နှာသစ်တော်ရေ ပူဇော်သမှု ဒါနအစုစုတို့ကို အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဧပြီ ၁၇ရက်က ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်သော ဝရဒါဌာဓာတုစေတိယစွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ သတ္တမအကြိမ် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပစဉ်။
(သတင်း-ဇ) (သတင်းစဉ်)

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်နေ
ကျွန်တော် **မောင်ထွန်းထွန်းဝင်း (M.T.M Shipping Co.,)** နှင့်
ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ
ကျွန်မ **မလှလှမြွေး (B.Com)**
တို့သည် ၁၀-၄-၂၀၀၅ရက်တွင် နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။
မောင်ထွန်းထွန်းဝင်းနှင့်မလှလှမြွေး။

မိတ်ဆုံစားပွဲကျင်းပမည်

အင်ကြင်းဆောင်နှင့် ရတနာဆောင် (၁၉၈၅-၁၉၉၁) ကျောင်းသူဟောင်းများ ပျော်ရွှင်စွာတွေ့ဆုံပွဲကို ကျင်းပမည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းများသို့ အမြန်ဆုံးဆက်သွယ်ကြပါရန်။

မျိုးမျိုးသန့်	- ၀၉၅၀-၁၆၉၀၉
ဆွေမာအေး	- ၀၉၉၉-၇၂၁၂၇
မိစံ	- ၀၉၅၁၀-၀၄၆၂
မေစီ	- ၀၉၈၀-၃၀၉၈၁
မယု	- ၀၉၅၀၀-၄၅၆၇
မော်တေဇာဟုတ်	- ၀၉၅၁၂-၅၁၁၀

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊အမှတ်(၂၄)ဖြန့်ချိ

ရန်ကုန် ဧပြီ ၁၇

အယ်ဒီတာချုပ်ကိုကို(စက်မှုတက္ကသိုလ်)ဦးစီးသည့် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂၄)တွင် အယ်ဒီတာ့ဒိုင်ယာရီ၊ အလားအလာ ကောင်းသည့် ကျောက်စိမ်း လုပ်ကွက်သစ်များ ထပ်မံတွေ့ရှိ၊ မြန်မာအလုပ်သမားများကို မလေးရှားက မြန်နိုင်သမျှ အမြန်ဆုံးခေါ်ယူမည်၊ ဂျပန်ကုမ္ပဏီ တစ်ခုက မြန်မာနိုင်ငံတွင် လက်ဖက်စိုက်ပျိုးထုတ်လုပ်လိုစသည့်ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ဖြန့်ချိလိုက်သည်။

၂၀၀၄ ကမ္ဘာ့ဆန်ထွက်နှုန်း ဒုတိယအမြင့်ဆုံး စံချိန်ချိုးခဲ့၊ တတိယမျိုးဆက် လက်ကိုင်ဖုန်း အာရှပစိဖိတ်၌ တစ်ဟုန်ထိုးကြီးထွားရန်ရှိ၊ ကမ္ဘောဒီးယား၏ သတ်ကွင်းနေရာများကို ပုဂ္ဂလိကပိုင်ပြုလုပ်၊ အမေရိကန်တုံးဆုမိုက်ကယ်ဂျက်ဆင် သုံးနှစ်ဆက်တိုက်ချိတ် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစား ကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၁က တစ်ပြည်လုံးဖြန့်ချိထားသည်။

(က-ပ)

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေး ထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခ ပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

မုံရွာမြို့ ကျောက္ကာရွှေဂူနီဘုရား စိန်ဖူးတော် တင်လှူပူဇော်မည်

မုံရွာ ဧပြီ ၉

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ကျောက္ကာရွာ ဆုတောင်းပြည့်ရွှေဂူနီ မြတ်စွာဘုရားကြီးတွင် စိန်ဖူးတော်တင်လှူပွဲ အခမ်းအနားကို ၁၃၆၇ခုနှစ် ကဆုန်လပြည့်ကျော်၂ရက်(မေ၂၄ရက်) နံနက်၈နာရီ ၁၀မိနစ်တွင် တင်လှူပူဇော်မည်ဖြစ်သည်။

နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို ၁၃၆၇ခုနှစ် ကဆုန်လပြည့်ကျော် ၄ရက်မှ၉ရက် (မေ၂၆ရက်မှ ၃၁ရက်)အထိ ကျင်းပမည်ဖြစ်သည်။

ကုသိုလ်ရှင်ပြည်သူများ လာရောက်ကြည်ညို ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် ဖုန်း၀၇၁-၂၂၄၇၄၊ ၂၁၃၈၂ ဂေါပကအဖွဲ့တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမှာစကားပြောကြား

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကိုယ်ဝန်ဆောင်စောင့်ရှောက်ရေးလှုပ်ရှားမှု ဟောပြောပွဲ အခမ်းအနားကို ဧပြီ ၇ရက်က သနပ်ပင်မြို့ ဈေးပိုင်းရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က အမှာစကား ပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

လှိုင်းဘွဲ့မြို့နယ် သမိုင်းဝင် ကျိုက်မုရွှောစေတီ ထီးတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်

လှိုင်းဘွဲ့ ဧပြီ ၁၀

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကမော့ကချူးကျေးရွာအုပ်စု ကော့ဝန်းရွာတွင် ရှေးဟောင်းသမိုင်းဝင် ကျိုက်မုရွှောစေတီတော်မြတ်ကြီး ထီးတော်နှင့် စိန်ဖူးတော်တင်လှူ ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို မတ် ၂၄ ရက် နံနက်၈ နာရီက စေတီတော်ရင်ပြင်တွင် ကျင်းပသည်။

ကိုးပါးသီလခံယူ

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရန်ကုန်တိုင်း အလုံမြို့နယ် ရွှေကျင်နိကာယ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သဒ္ဓမ္မဝံသာရုံ ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မပါလိတ ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် စိန်ဖူးတော်အလှူရှင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ချိုထွန်းအောင်နှင့်ဇနီး ဒေါ်နန်းယဉ်မေဝင်း မိသားစုတို့က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မပါလိတထံ လည်းကောင်း၊ ငှက်မြတ်နားတော် အလှူရှင် ဒေါ်နန်းသင်းအုံ မိသားစုတို့က လှိုင်းဘွဲ့မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိသုဒ္ဓါ စာရထံလည်းကောင်း၊ ရွှေထီးတော်အလှူရှင် ရန်ကုန်မြို့နေ ဦးကျော်ကျော်-ဒေါ်ခင်မေလင်း မိသားစုတို့က တောင်ကလေးကျောင်း ဆရာတော် ဘဒ္ဒန္တ ပညာသာမိထံ လည်းကောင်း ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် ရွှေ၊ ငွေ၊ ရတနာများ ဆက်ကပ်လှူဒါန်းကြရာ လှူဒါန်းမှုအစုစုတို့အတွက် လှိုင်းဘွဲ့မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြို့မကျောင်း ဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှူဒါန်းပူဇော်

ထို့နောက် ဆရာတော်များ ဦးဆောင်၍ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးချိုထွန်းအောင်နှင့် ဘားအံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီးတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်၊ ဗုဒ္ဓရုပ်ပွားတော်နှင့် ရတနာပစ္စည်းများကို စေတီတော်အထွတ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်၍ လှူဒါန်း ပူဇော်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝင်းသူဇာ အရောင်းဆိုင်ဖွင့်

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဝင်းသူဇာ အရောင်းဆိုင်ဖွင့်ပွဲကို မတ်၂၆ရက်က မြိုင်မြို့ အမှတ်(၃) ရပ်ကွက်တွင် ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

သာစည်မြို့နယ်၌ အလှူရှင်စက်ရေတွင်းဖွင့် တစ်နာရီရေဂါလန် ၂၅၀၀ထွက်ရှိ

သာစည် ဧပြီ ၇

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အလှူရှင် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ ရက် နံနက်၉နာရီက သာစည်မြို့ ကန်စွယ်ကျေးရွာတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင်မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူးဦးအေးမင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှသောင်းက စက်ရေတွင်း တူးဖော်ပေးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် စက်ရေတွင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးလှုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှသောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(ဝဲအောက်ပုံ)

အဆိုပါစက်ရေတွင်းကို ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနေ ဦးဝင်းကြိုင်က လှူဒါန်းသော လေးလက်မ စက်ရေတွင်းဖြစ်ပြီး တစ်နာရီလျှင် ရေထွက်အား ဂါလန် ၂၅၀၀ထွက်ရှိသဖြင့် ကန်စွယ်ကျေးရွာတွင်သန့်ရှင်းသော သောက်သုံးရေကို ပြည့်စုံဖူလုံစွာ ရရှိနေကြပြီဖြစ်ကြောင်း သိရသည်။

(က-ပ)

အမြို့မြို့ အနယ်နယ်သတင်းများ

လက်မှတ်ပေးအပ်

ဓနုဖြူမြို့ တောင်ပိုင်းရပ် စံပြအခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူ ပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ်၁၀ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကြင်ထွန်းက မြို့နယ်ဘက်စုံ ထူးချွန်ဆုရ မစုရတနာလှိုင်အား ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (ဝ၈၅)

မြို့နယ်တွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဘိုကလေး၌ဆောင်ရွက်

ဘိုကလေး ဧပြီ ၁၂

ဘိုကလေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၇ ရက်က (၄)ရပ်ကွက် ဒေါ်အုံးဟက်ကန် (ခေါ်) ကန်ဝိုင်းတူးဖော်ခြင်းလုပ်ငန်းနှင့် မြို့မ(၆)ရပ်ကွက် ရေသွားမြောင်း တူးဖော်ခြင်းလုပ်ငန်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ် အတွင်းရေးမှူး ဦးအောင်လင်းတို့က ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မြို့ရေကောင်းရေသန့်ရရှိရေး ကော်မတီဝင်များဖြစ်သည့် ဦးအောင်ကြည်နှင့် ဦးညီညီတို့က ရှင်းလင်းပြသကြသည်။

ရေကောင်းရေသန့်ရရှိရေးအတွက် ကြိမ်ချောင်းကြီး ကျေးရွာအုပ်စု၊ စလောင်းကျ၊ ဘုတ်ချောင်း၊ ကြိမ်ချောင်းကျေးရွာ၊ ချောင်းကြီးဝကျေးရွာအုပ်စု၊ သာဖျန်၊ စက်ထဉ်းကျေးရွာအုပ်စု ကန်လေးကန်၊ ပတ္တမြားကုန်းကျေးရွာအုပ်စု ပတ္တမြားကုန်းနှင့် မဂူကျေးရွာအုပ်စု သင်ပေါင်းချောင်း ကျေးရွာများတွင် တူးဖော်ပြီးစီးပြီဖြစ်ရာ ဆက်လက်၍ ကန်ဟောင်း ကန်သစ်များ ဆက်လက်တူးဖော် ပြုပြင်မည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မတ္တရာမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးကျောက်လမ်းခင်း

မတ္တရာ ဧပြီ ၁

မတ္တရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းအမှတ် ၂၉ လမ်းကို စည်ပင်သာယာရေးအဖွဲ့နှင့်ပြည်သူများပူးပေါင်း၍ ကိုယ့်အား ကိုယ်ကိုး ကျောက်ခင်းလမ်းသစ် ခင်းခြင်းလုပ်ငန်းကို ပြည်သူများ ထည့်ဝင်ငွေကျပ် သုံးသိန်းအကုန်အကျခံပြီး စည်ပင်သာယာရေးအဖွဲ့ပိုင် စက်ယန္တရားများဖြင့် ဆောင်ရွက်ပေးခဲ့ရာ မတ်၁၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကိုကိုအောင်တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရ သည်။ **(နယ်စပ်/စည်ပင်)**

တောင်သာမြို့နယ် ကန်တော်(တ)ကျေးရွာတွင် ရေကြည်အိုင် စာကြည့်တိုက်ဖွင့်ပွဲ အခမ်း အနားကို မတ် ၁၈ ရက်က ကျင်းပရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန တတ်ပုံ(၂)ဦးကျော်မျိုးနိုင်၊ မြို့နယ် ပြည် ထောင် စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမျိုးမင်းထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

လိုပြည့်အေးချမ်းသာစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲ အလှူရှင်များအား ဖိတ်ကြားအပ်ပါသည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘနဦးစီး၍ ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ စာသူငယ်ကျေးရွာရှိ လိုပြည့်အေးချမ်းသာစေတီတော်မြတ်ကြီးနှင့် အရံစေတီတော် ၈၀အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပွဲ၊ အထက်ဌာပနာပိတ်ပွဲ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ ယောဂီနေအဆောင်များ၊ စောင်းတန်းများ၊ စက်ရေတွင်းနှင့် ရေစင်များ၊ သောက်ရေသန့်စင်များ၊ လျှပ်စစ်မီးတိုင်များ၊ ရေအလှူရှင်များ၊ စုပေါင်းရေစက်ချပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဆဋ္ဌမအကြိမ် အလှူတော်ငွေပေးအပ်ပွဲတို့ကို တန်ခူးလဆန်း ၁၄ရက် သောကြာနေ့ (ဧပြီ ၂၂ရက်မှ ဧပြီ ၂၄ရက်)အထိ ပဲခူးမြို့နယ် စာသူငယ်ကျေးရွာ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် ရေစက်ချရန် ဆရာတော်မှ စီစဉ်ထားသဖြင့် အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ရွှေမင်းဝံသာသနာ့ရိပ်သာ
ဝေယျာဝစ္စအဖွဲ့ ဖုန်း-၅၄၂၈၇၆

အများသိစေရန်

ကန်ထရိုက်တာ ဦးဇော်မင်းဦး ၁၂/လမန(နိုင်)၀၈၀၃၇၀သည် မြေရှင် ဦးဝင်းစိန် ပိုင်ဆိုင်သော ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်းရှိ မြေတိုင်းရပ်ကွက် အမှတ်-၃၄ အက်ဖ်ဂျီ၊ မြေကွက်အမှတ် ၈၄၀တွင် နှစ်ခန်းတွဲ ခြောက်ထပ်၊ အာရ်စီတိုက်အိမ် အဆောက်အအုံသစ်ကို ကန်ထရိုက်တာ ဦးမျိုးမြင့်နှင့် အကျိုးတူပူးပေါင်း၍ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် မြေရှင်ဦးဝင်းစိန်၊ ကန်ထရိုက်တာ ဦးမျိုးမြင့်တို့နှင့်၂၉-၈-၂၀၀၃ရက်တွင် ပြုလုပ်ချုပ်ဆိုသော ၂၂-၂-၂၀၀၃ရက်စွဲပါ ကန်ထရိုက်စနစ်ဖြင့် အဆောက်အအုံဆောက်လုပ်ခြင်းကတိစာချုပ်အရ လုပ်ငန်းဆောင်ရွက်ခြင်း သဘောတူစာချုပ်အတိုင်း စတင်အုတ်မြစ်ချသည့်နေ့မှ ၁၄လအတွင်း အပြီးဆောက်လုပ်ရန်ဖြစ်သော်လည်း အကြမ်းထည် တစ်ပိုင်းတစ်စ ငါးလွှာရောက်ရှိသည့် ၂၀၀၄ခုနှစ် ဩဂုတ်လမှစတင်ကာ ရပ်ဆိုင်းသွားပြီး မြေရှင် ဦးဝင်းစိန်နှင့်လည်း ဆက်သွယ်မှုလုံးဝမပြုဘဲ စွန့်ခွာထွက်သွား၍ သတ်မှတ်ကာလ ကျော်လွန်သည့်တိုင် ပြီးစီးအောင် ဆက်လက်ဆောက်လုပ်ခြင်းမပြုသဖြင့် ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါသည်။

ထို့ကြောင့် ၂၉-၈-၂၀၀၃ရက်တွင် ပြုလုပ်ချုပ်ဆိုထားသော ၂၂-၂-၂၀၀၃ရက်စွဲပါ ကန်ထရိုက်စနစ်ဖြင့် အဆောက်အအုံဆောက်လုပ်ခြင်း ကတိစာချုပ်အရ လုပ်ငန်းဆောင်ရွက်ခြင်း သဘောတူစာချုပ် ပျက်ပြယ်ကြောင်းနှင့် မြေရှင် ဦးဝင်းစိန်မှ ကန်ထရိုက်တာဦးဇော်မင်းဦးအား အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်အတွက် ၂၆-၈-၂၀၀၃ရက်စွဲပါ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး ကိုယ်စားလှယ်လွှဲစာအမှတ် ၅၂၈၄/၂၀၀၃ ဖြင့် ကိုယ်စားလှယ်လွှဲအပ်ထားခြင်းကို ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းအဆောက်အအုံအား မြေရှင်ဦးဝင်းစိန်က မိမိအစီအစဉ်ဖြင့် ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ရာ မြေရှင် ဦးဝင်းစိန်နှင့်သက်ဆိုင်ခြင်းမရှိသော ကန်ထရိုက်တာဦးဇော်မင်းဦးနှင့် ဆက်သွယ်ဆောင်ရွက်မှုများကို မြေရှင်ဦးဝင်းစိန်မှ လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ဘဲ သက်ဆိုင်သူချင်းသာ ဖြေရှင်းဆောက်ရွက်ကြရန် ဖြစ်ပါသည်။

မြေရှင်ဦးဝင်းစိန် ၁၂/ဗတထ(နိုင်)၀၀၆၆၆၄၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းထိန်(တရားရုံးချုပ်ရှေ့နေ) B.A, H.G.P, R.L, D.B.L, D.M.L
အမှတ် ၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
(တာမွေမြို့နယ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်ဥပဒေရုံးရှေ့)

နှစ်(၃၀)မြောက် ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးဟန်စိုး** (ဒုတိယအထွေထွေမန်နေဂျာ-မြန်မာ့သစ်လုပ်ငန်း)နှင့် ချစ်မေမေ **ဒေါ်ခင်နွဲ့အေး** (ဦးစီးအရာရှိ-ငြိမ်း၊ သမဝါယမဦးစီးဌာန)တို့၏ ၁၈-၄-၂၀၀၅ရက်တွင် ကျရောက်သော နှစ်(၃၀)မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သား ချစ်သမီးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဘာသာ၊ သာသနာအကျိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

သားကြီး-အေးကိုကိုစိုး (1st Mate)2/0 (Ocean Hawk)
သမီးငယ်- အေးမြတ်စိုး B.A (Eco.)

ဓမ္မစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ရပ်ကွက်နေ
ဦးညိုသာအောင်(စာရေးဆရာညိုသောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး၊
ထွေ/အုပ်၊ ငြိမ်း)-ဒေါ်သိန်းသိန်းတို့၏သားငယ်
မောင်ဒေဝံအောင် B.Sc (Physics)
အောင်ချမ်းသာဆန်စက်နှင့် အောင်ငွေဖြိုးပွဲရုံလုပ်ငန်းနှင့်
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂/က ရပ်ကွက်နေ
ဦးမြသိန်း(အထပြ၊ ငြိမ်း)-ဒေါ်လှစု(အထက-၅၊ မင်္ဂလာဒုံ)
တို့၏သမီးကြီး
မမေသက်နွယ် B.A (English), Q, M.A Part II
ဦးစီးအရာရှိ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
တို့သည် ၁၀-၄-၂၀၀၅ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်၌ ဓမ္မစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဒေဝံအောင်-မမေသက်နွယ်။

ဒေါ်အေးသီဂီလှိုင်နှင့် အများသိစေရန်

ကျွန်ုပ်၏အမှုသည် ဦးနေဝင်း ၁၂/ဗဟန(နိုင်)၀၄၁၈၂၄၏ ဇနီးဖြစ်သူ ဒေါ်အေးသီဂီလှိုင် ၁၂/ရကန(နိုင်)၀၀၅၄၀၀သည် ငွေများနှင့် စိန်၊ ရွှေ၊ ပုလဲ လက်ဝတ်လက်စားများအပါအဝင် အတွင်းပစ္စည်းများယူပြီးလျှင် အသက်(၁၀)နှစ်ရှိ သမီးဖြစ်သူ သဉ္ဇာနေလှိုင်နှင့်အတူ နေအိမ်မှထွက်ခွာသွားပါသည်။

ဒေါ်အေးသီဂီလှိုင်အား ဖြားယောင်းသွေးဆောင် ခေါ်ယူသွားသူများအား ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ရှိန်(ရွှေတောင်)B. A.,H.G.P,R.L.
တရားရုံးချုပ်ရှေ့နေ(၂၉၅၇)
အခန်း A-4 (ပထမထပ်)
အမှတ် ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မတ်၂၇ရက်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီက လှိုင်မြို့နယ်တွင် အသက်(၇၅)နှစ်နှင့်အထက်အဖွဲ့ဝင်များအား ထောက်ပံ့ငွေကျပ် ၄၂၀၀၀၀ကို မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌဗိုလ်မှူးစစ်အေး(ငြိမ်း)က အဖွဲ့ဝင် ကိုယ်စားလှယ်တစ်ဦးအား ပေးအပ်စဉ်။ (မြို့နယ်စစ်မှုထမ်းဟောင်း)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်ပြခန်း သီပေါမြို့၌ဖွင့်

သီပေါ ဧပြီ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ပြခန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုင်းပြုံးချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းသာလှိုင်က တပ်မတော်နေ့ ဖြစ်ပေါ်လာပုံနှင့် တပ်မတော်၏ သမိုင်းကြောင်းများကိုလည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုင်းပြုံးချိုက တပ်မတော်နှင့် မျိုးချစ်စိတ်ဓာတ်အကြောင်းကိုလည်းကောင်း၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးမြသန်း(ဓာတ်ဗိုဟိန်း-သီပေါ)က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ပြသထားသော တပ်မတော်နှင့် စပ်လျဉ်းသည့် သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများ၊ ဆောင်းပါးနှင့် ကာတွန်းစသည့် နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြသည်။ **(၁၀၆)**

တိုက်၅၀ အခန်း၁ ပေါ်ဆန်းမွှေးလမ်း ၂၉ရပ်ကွက် သုဝဏ္ဏမြို့နယ်နေ မစမ်းစမ်းအေး၏ (၃၇)နှစ်မြောက် မွေးနေ့အတွက် အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဦးဝင်းနိုင် မော်တော်ယာဉ်ခေါင်းဆောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြန်မာ့အလင်း)



ဇီးကုန်းမြို့နယ် မင်္ဂလာရေကန် ဝင်းခြံ ပြန်လည်ကာရံခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေကို မတ် ၁၇ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးသန့်ဇင်နှင့် ဒေါ်ဆွေဆွေဝင်း အငယ်တန်း အင်ဂျင်နီယာ-၂ (မြို့ပြ) တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျာအင်းဆိပ်ကြီးမြို့နယ် သီတာလမ်း ကတ္တရာလမ်းသစ်ဖွင့်

ကျာအင်းဆိပ်ကြီး ဧပြီ ၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းဆောင်ရွက်သော အမှတ်၄/၅ရပ်ကွက် သီတာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ရက်က အဆိုပါ လမ်းဖွင့်ပွဲ မုခ်ဦး၌ကျင်းပရာ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးကြီး အောင်ကျော်ငြိမ်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစံလွင်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်စည်ပင်)

နောင်ချိုမြို့နယ် အုမ္မခါး-ကုန်းသာ ကျေးလက်မြေသားလမ်း ဖွင့်ပွဲကို မတ် ၂၆ရက်က ကျင်းပရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ် ဥက္ကဋ္ဌ ဦးကိုကိုလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၂၄၂)

18-4 (16).p65 1 3/24/05, 10:07 PM

ဘုရားဖူး ပြည်သူများ စည်ကား

၁၃၆၇ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ ရွှေတိဂုံစေတီတော် ရင် ပြင်တော် တွင် ဘုရားဖူး ပြည်သူများ၊ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၁၃၆၇ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာအခါသမယ မြို့တော်တစ်ဝန်းလုံး ကုသိုလ်ကောင်းမှုပြုသူများနှင့် တရားဓမ္မသံများလွှမ်းခြုံ

ရန်ကုန် ဧပြီ ၁၇

ယနေ့သည် မြန်မာနှစ် ကောဇာသက္ကရာဇ် ၁၃၆၇ခုနှစ် နှစ်ဆန်းတစ်ရက်ဖြစ်သည်။ မြန်မာတို့၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာတွင် မြန်မာနှစ် တစ်နှစ်ကုန်ဆုံးချိန်ကာလကို မဟာသင်္ကြန် သို့မဟုတ် မဟာသင်္ကြန်ကာလဟု သတ်မှတ်ကာ ကုန်ဆုံးခဲ့သောကာလ၏ မကောင်းသော ပါပ အညစ်အကြေးတို့ကို အေးချမ်းသန့်စင်သော သင်္ကြန်ရေဖြင့် ပက်ဖျန်းဆေးကြောပြီး နှစ်သစ်ဦးသို့ရောက်ရှိချိန်တွင် ကောင်းမြတ်သော ပီတိသောမနဿယှဉ်သည့် စိတ်ထားဖြင့် ကောင်းမှုကုသိုလ်များကို ဆည်းပူးပြုမူကြမြဲဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁

တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ

တီကျစ်ဒေသမှထွက်ရှိသည့် ကျောက်မီးသွေးကို အကျိုးရှိစွာအသုံးပြု၍ မဂ္ဂါဝပ်၆၀ ဓာတ်အားထုတ်လုပ်ပေးနိုင်သော တာဘိုင်စက်နှစ်လုံးတပ်ဆင်ကာ စုစုပေါင်းမဂ္ဂါဝပ် ၁၂၀ ဓာတ်အား ထုတ်လုပ်ပေးနိုင်မည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို ဧပြီ ၁၂ရက်က ဖွင့်လှစ်အပြီး ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)



တီကျစ်ဓာတ်အားပေးစက်ရုံ

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ တီကျစ်ဓာတ်အားပေးစက်ရုံသည် စက်တစ်လုံးတွင် မဂ္ဂါဝပ်၆၀ တပ်ဆင်ထားရာ ယခင် အသုံးပြုခဲ့ဖူးသောစက်ထက် ခြောက်ဆကြီးမား။

တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၌ မဂ္ဂါဝပ် ၆၀ ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် တာဘိုင်စက်နှစ်လုံးတပ်ဆင်ထားပြီး စုစုပေါင်း မဂ္ဂါဝပ်၁၂၀ ဓာတ်အားထုတ်ပေးနိုင်မည်ဖြစ်သည်။ တာဘိုင်စက်နှစ်လုံးအနက် ပထမစက်တစ်လုံးကို ၂၀၀၄ ခုနှစ်အတွင်း တပ်ဆင်ပြီးစီးပြီးဖြစ်သည့် အတွက် ယခုအခါ စက်စွမ်းအားပြည့် ဓာတ်အားထုတ်လုပ်ကာ မဟာဓာတ်အားလိုင်းကွန်ရက်နှင့် ချိတ်ဆက်ပြီး ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက် ရှိသည်။ ဒုတိယအမှတ်(၂) စက်သည် စက်အစိတ်အပိုင်းများ အပြီးသတ်တပ်ဆင်ပြီးစီးပြီဖြစ်၍ လိုအပ်သော စက်တပ်ဆင်မှုနှင့် စမ်းသပ်မှုများ ဆက်လက်ပြုလုပ်လျက်ရှိရာ ယခု ဧပြီလနောက်ဆုံးပတ်အတွင်း ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်။

ထို့ပြင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၁၀ ရရှိမည့် မြန်မာနိုင်ငံ၌ အကြီးမားဆုံး သံလွင်ရေအားလျှပ်စစ် စီမံကိန်းကို တာဆန်း၌ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ယင်းစီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အားအများဆုံး ထုတ်ပေးနိုင်မည်ဟု သိရသည်။ **(သတင်းမှတ်စု-မြန်မာ့အလင်း)**

18-4 (20).p65 1 3/24/05, 10:07 PM